ကြေးမုံ
The Mirror Daily
၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည်ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday, 12 September 2024 ၁၁၅၇၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေနှင့် ကျိုက်ထိုမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ဟိုပုံးမြို့နယ်တို့တွင် ရေဝင်ရောက်မှုများဖြစ်ပေါ်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

တောင်တရုတ် ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း ရာဂိ၏ အရှိန်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် နေပြည်တော်ဝန်းကျင်၌ စက်တင်ဘာ ၈ ရက်တွင် နေရာကျဲကျဲ၊ ၉ ရက်တွင် နေရာစိပ်စိပ်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် နေရာအနှံ့အပြား မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး ယနေ့တွင် မိုးရေချိန်အနည်းဆုံး သုည ဒသမ ၆၇ လက်မမှ အများဆုံး ၄ ဒသမ ၂၁ လက်မ အထိ ရွာသွန်းခဲ့ကာ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ငလိုက်ချောင်း၊ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်တို့တွင် ရေများအဆက်မပြတ်မြင့်တက်လျက်ရှိသည်။

**ရေကြီးရေလျှံမှုများဖြစ်ပေါ်**

ထိုသို့ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ချောင်းရေနှင့် မြစ်ရေများအဆက်မပြတ် မြင့်တက်လာမှုနှင့်အတူ နေပြည်တော် ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး တပ်ကုန်းမြို့နယ်တွင် ယနေ့နံနက်ပိုင်းမှစတင်၍ ရေများမြင့်တက်လာခဲ့မှုကြောင့်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻



နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဆင်တဲကြီးရွာနှင့် ဇေယျာသီရိမြို့နယ် သိုက်ချောင်းကျေးရွာကို ဆက်သွယ်ထားသော ကွန်ကရစ်လမ်း(မြို့ပတ်လမ်း) ရေကျော်သဖြင့် နယ်မြေခံတပ်မတော်သားများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

ယနေ့ ဖတ်စရာ

**အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် အဆောက်အဦဖြစ်သည့် စာဆိုဗိမာန်ကို စနစ်တကျဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်**

စာမျက်နှာ » ၃

**နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့် (National Self Defence)**

ဆောင်းပါး စာမျက်နှာ » ၆

**စက်မှုသင်တန်းကျောင်းများအား မြန်မာနိုင်ငံအမျိုးသားအဆင့် ပညာရေး အရည်အသွေးမူဘောင်အဆင့်အတန်း သတ်မှတ်နိုင်ရေးနှင့် ရှေ့ဆက်လက် ပေါင်းစပ်ပညာသင်ကြားရန်အတွက် ချိတ်ဆက်ဖော်ဆောင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ**

စာမျက်နှာ » ၇

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ၂၀၂၄
ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၁၈ ) ရက်သာ လိုတော့သည်။
IMMIGRATION

ကြေးမုံ

# ရေကြီးရေလျှံသဘာဝဘေး ကြိုတင်ပြင်ဆင်ကာကွယ်ပေး

ယခုရက်များအတွင်း မြန်မာနိုင်ငံတစ်ဝန်း၌ မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်နေသည်။ အချို့အနိမ့်ပိုင်းနေရာများတွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ပြီး ပြည်သူများ ရေဘေးအန္တရာယ်များနှင့် ကြုံတွေ့နေသည်။ မြန်မာနိုင်ငံ၌ ရက်များ ရှည်ကြာ မိုးသည်းထန်စွာရွာသွန်းနေသည့် အကြောင်းရင်းသည် အရှေ့ဘက်၌ ဖိလစ်ပိုင်၊ တရုတ်၊ ဗီယက်နမ်နိုင်ငံများသို့ ဖြတ်ကျော်တိုက်ခတ်လာသည့် အင်အားပြင်းထန်သော တိုင်ဖွန်းမုန်တိုင်း ရာဂီနှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသည့် မုန်တိုင်းငယ်အရှိန်များကြောင့်ဖြစ်သည်။

မုန်တိုင်းများတိုက်ခတ်မှုကြောင့် မုန်တိုင်းဖြတ်သန်းသည့်နိုင်ငံများတွင် ထိခိုက်ပျက်စီးမှုများ ပြင်းထန်စွာ ကြုံတွေ့ခဲ့ရပြီး မုန်တိုင်းအရှိန်သက်ရောက်ရာ မြန်မာနိုင်ငံအပါအဝင် အခြားနိုင်ငံများတွင် မိုးကြီးရေလျှံသဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခံစားကြရသည်။ အရှေ့ဘက်မှ တိုက်ခတ်သော တိုင်ဖွန်းမုန်တိုင်း ရာဂီအရှိန်ကြောင့် မြန်မာနိုင်ငံအရှေ့ပိုင်း တာချီလိတ်၊ ကျိုင်းတုံနှင့် အခြားမြို့နယ်များတွင် တောင်ကျရေများ၊ ချောင်းရေများ အရှိန်ပြင်းစွာစီးဆင်းလာပြီး မြို့ပေါ် ရပ်ကွက်ကျေးရွာများ၌ ရေဝင်နစ်မြုပ်မှုများဖြစ်ပေါ်ကာ မြို့နေကျေးရွာပြည်သူများအား ရေဘေးလွတ်ရာများသို့ ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် တိုင်ဖွန်းမုန်တိုင်း ရာဂီအရှိန်ကြောင့် ဧော်ဂျီမြစ်အထက်ပိုင်း ဧရိယာများတွင် မိုးရွာသွန်းမှုများပြားလျက်ရှိပြီး ကျောက်ဆည်မြို့ပေါ်တွင် ရေဝင်နစ်မြုပ်လျက်ရှိရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သည့် အားကောင်းသောမုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိသပြည်နယ် ပင်လယ်ကမ်းခြေမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး အနောက်မြောက်ဘက်သို့ ရွေ့လျားကာ အားလျော့သွားနိုင်သည်။ သို့သော် ၎င်းမုန်တိုင်း၏အရှိန်ကြောင့် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ နေရာဒေသအနှံ့အပြားတွင် မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသဌာနက အသိပေးထားသည်။

မုန်တိုင်းငယ်သည် မြန်မာနိုင်ငံသို့ ပြောင်းရွှေ့ဦးတည် ရွေ့လျားလာနိုင်မည့် အခြေအနေမရှိသောကြောင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အဝါရောင်အဆင့်ဟု သတ်မှတ်သဖြင့် စိုးရိမ်ဖွယ်ရာမရှိပေ။ သို့သော် မုန်တိုင်းနှစ်ခု၏အရှိန်ကြောင့် မိုးသည်းထန်မှုများ၊ ရေကြီးရေလျှံမှုများ မကြုံစဖူး ထူးထူးကဲကဲ ဖြစ်ပေါ်နေသည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာလျက်ရှိပြီး လေပြင်းတိုက်ခတ်မှုများပါ ဖြစ်ပေါ်လျက်ရှိသည်။ အထူးသဖြင့် ရခိုင်ကမ်းရိုးတန်းဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသ တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ရေယာဉ်များအနေဖြင့် လှိုင်းကြီးလှိုင်းထန်မှုများကို သတိပြုရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို ကြုံတွေ့နိုင်သည့်နိုင်ငံဖြစ်သည်။ အထူးသဖြင့် မုန်တိုင်းအန္တရာယ်နှင့် ရေကြီးရေလျှံမှုအန္တရာယ်များကို မကြာခဏ ကြုံတွေ့ရလေ့ရှိသည်။ ၂၀၀၈ ခုနှစ်က အင်အားအလွန်ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းနာဂစ်တိုက်ခတ်မှုကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ အမြောက်အမြားဆုံးရှုံးခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် အင်အားအလွန့်အလွန်ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုနှင့် ကြုံတွေ့ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မှု၊ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်မှုတို့ကြောင့် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြင့် ဖြတ်ကျော်နိုင်ခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံသို့ မုန်တိုင်းတိုက်ခတ်ခြင်းမရှိသော်လည်း အရှေ့ဘက်နိုင်ငံများမှ ဖြတ်ကျော်တိုက်ခတ်လာသည့် တိုင်ဖွန်းမုန်တိုင်း ရာဂီနှင့် အိန္ဒိယနိုင်ငံဘက်တွင် တိုက်ခတ်သည့်မုန်တိုင်းအရှိန်တို့ကြောင့် မြန်မာနိုင်ငံတွင် မိုးသည်းထန်မှုများ၊ လေပြင်းတိုက်ခတ်မှုများ၊ ရေကြီးရေလျှံ ရေနစ်မြုပ်မှုများ ဖြစ်ပေါ်လျက်ရှိသောကြောင့် အဆိုပါသဘာဝဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင်သတိပြု၍ တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ လက်ရှိတွင် ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်များကို နိုင်ငံအတွင်းရှိ အနိမ့်ပိုင်းဒေသများတွင် ကြုံတွေ့လျက်ရှိရာ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ အတူတကွ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အားကောင်းသောမုန်တိုင်းငယ်အရှိန်သည် စက်တင်ဘာလ ၁၂ ရက်နေ့အထိ ရှိမည်ဟု ခန့်မှန်းထားပြီး မုန်တိုင်းငယ်အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူပြည်သူများအနေဖြင့် မြေပြိုခြင်းအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသောပြည်သူများအနေဖြင့် ရေကြီးရေလျှံမှုအန္တရာယ်များကို ကြိုတင်သတိပြုဆောင်ရွက်ကြရန်နှင့် လေကြောင်းပျံသန်းရေးနှင့် ကမ်းလွန်ပင်လယ်ပြင် ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြု သွားလာကြပါရန် အသိပေးနှိုးဆော်အပ်ပါကြောင်း။ ။

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ၎င်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့် အဖွဲ့ ၁၇ ဖွဲ့ရှိပြီး လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၄ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၄ ပါတီအနက် ဦးကြင်ဝမ်းခေါင်းဆောင်သည့် **လူမှုစီးပွားမြှင့်တင်ရေးပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၄ ပါတီအနက် ပါတီ ၁၁ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဒဂုံမြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်း လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမတွင် ယမန်နေ့နံနက် ၁၁ နာရီက ကျင်းပသည်။




အဆိုပါအစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ သဘာပတိ ဒေါ်ခင်စောဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးသင်းက သမဝါယမလုပ်ငန်းစဉ်များ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ကာလအတွက် အသင်းစာရင်းစစ် အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းကို ဖတ်ကြားပြီး တက်ရောက်လာသော အသင်းဝင် ၃၀ အား တစ်ဦးလျှင် အစုပေါ် အမြတ်ငွေများနှင့် မြေပဲဆီသန့် တစ်ပိဿာစီ ပေးအပ်ခဲ့ကြောင်း သိရသည်။

**လဲ့လဲ့(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၁ - ၉ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၇၀၀ | ၆,၁၇၀,၀၀၀ |
| MTSH | ၃,၄၅၀ | ၃,၅၀၀ | ၈၈၉ | ၃,၀၆၇,၃၀၀ |
| MCB | ၈,၈၀၀ | ၈,၈၀၀ | ၀ | ၀ |
| FPB | ၁,၈၅၀ | ၁,၈၅၀ | ၁၀၀ | ၁၈၅,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၄၆၇ | ၁,၃၀၇,၆၀၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၉၂၂ | ၁,၅၇၈,၂၀၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၀ | ၀ |
| MAEX | ၃,၄၀၀ | ၃,၄၀၀ | ၁,၁၀၃ | ၃,၇၅၀,၂၀၀ |
| MADPL(PLB) | ၃၆,၅၀၀ | ၃၆,၅၀၀ | ၅၀ | ၁,၈၂၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ



**ရန်ကုန် စက်တင်ဘာ ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြီး တုန်ကျွင်း (Admiral Dong Jun) ၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့၌ ကျင်းပပြုလုပ်မည့် (၁၁)ကြိမ်မြောက် ပေကျင်းရှန်ကျန်းဖိုရမ် (11th Beijing Xiangshan Forum) သို့ တက်ရောက်ရန် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် စစ်သံရုံးမှ တာဝန်ရှိသူများနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် အဆောက်အဦဖြစ်သည့် စာဆိုဗိမာန်ကို စနစ်တကျဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်



**ရန်ကုန် စက်တင်ဘာ ၁၁**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ စာဆိုဗိမာန်အဆောက်အဦ သုံးထပ်(RC)တည်ဆောက်မည့်မြေနေရာ၌ ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပနိုင်ရေး ကြိုတင်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ Myanmar Land & Development Ltd., မှ Project Director ဒေါ်ယုယုနိုင်က စာဆိုဗိမာန်အဆောက်အဦတည်ဆောက်ရေးစီမံကိန်း မြေနေရာချထားမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်အဆောက်အဦဝင်း အတွင်း၊ အပြင် သာယာလှပစေရန် သစ်ပင်၊ ပန်းမန်အလှပင်များ စနစ်တကျစိုက်ပျိုးထားရှိရေး၊ ပန္နက်တင်အခမ်းအနားအတွက် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် ဆက်လက်တည်ဆောက်သွားမည့် အဆောက်အဦပုံစံငယ်များကို ပြသနိုင်ရေး၊ စာဆိုဗိမာန်တွင် ပေ၊ ပုရပိုဒ်များကို ထည့်သွင်းထားရှိမည်ဖြစ်သည့်အတွက် နိုင်ငံတကာပြတိုက်စံနှုန်းများနှင့်အညီ စနစ်တကျဖြစ်စေရန် တည်ဆောက်ရေး၊ တည်ဆောက်ရာတွင် စံချိန်စံနှုန်းပြည့်မီသည့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများကို အသုံးပြုဆောင်ရွက်ရေး၊ နိုင်ငံတော်အဆင့် အဆောက်အဦဖြစ်သည့်အပြင် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ် အဆောက်အဦဖြစ်သည့်အတွက် စာဆိုဗိမာန်ကို စနစ်တကျဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်သွားရေး၊ စာဆိုဗိမာန်တွင် မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားခဲ့သည့် ခေတ်သုံးခေတ်မှ စာဆိုတော်ကြီးများ၊ တစ်သက်တာစာပေဆု ရရှိခဲ့ကြသည့် စာပေပညာရှင်များနှင့် ကဗျာဆရာများ၏ရုပ်တုများ ထားရှိရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးကစာဆိုဗိမာန်တည်ဆောက်မည့် မြေနေရာနှင့် ယခင်ဂိမ်းစီးတီး သုံးထပ် အဆောက်အဦဟောင်းအား အဆင့်မြှင့်တင် ပြင်ဆင်ဆောင်ရွက်ကာ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်အဖြစ် ပြုပြင်ဆောင်ရွက်သွားမည့် အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ စာဆိုဗိမာန်အဆောက်အဦကို အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီ အထောက်အပံ့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စာဆိုဗိမာန် အဆောက်အဦ သုံးထပ် (RC) အကျယ်အဝန်းမှာ အလျား ပေ ၁၆၀ x အနံ ပေ ၁၄၀ x အမြင့် ၅၇ ပေ ရှစ်လက်မ သုံးထပ် (RC)အဆောက်အဦဖြစ်ပြီး ၅၁၂၈ စတုရန်းပေဖြစ်သည်။

နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံ၌ ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြုချီးမြှင့်ရာရောက်စေမည့်စာဆိုဗိမာန်တစ်ခုအောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ စာပေအနုပညာဆိုင်ရာပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၂၁ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် လမ်းညွှန်မှုပြုခဲ့သည့်အတွက် စာဆိုဗိမာန်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းကို ပြန်ကြားရေးဝန်ကြီးဌာန ကိုယ်စား ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက် အဆောက်အဦကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ မြေတိုင်းရပ်ကွက် (၁၈-အေ)၊ မြေကွက်အမှတ်(၂၉ ၏ တစ်စိတ်တစ်ဒေသ) အခမဲ့မြေကွက် အမျိုးအစားဖြစ်သော မြေဧက ၂ ဒသမ ၁၈ ဧကပေါ်တွင် တည်ဆောက်သွားမည်ဖြစ်သည်။

စာဆိုဗိမာန် အဆောက်အဦ ဒီဇိုင်းပုံစံကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ရေးဆွဲပေးပြီး အဆောက်အဦ၏ ခန့်မှန်းတန်ဖိုးကို အဆောက်အဦ ဦးစီးဌာနက တာဝန်ယူတွက်ချက်ပေးခဲ့သည်။

စာဆိုဗိမာန်အဆောက်အဦကို နှစ်နှစ်စီမံကိန်းအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီအစည်းအဝေး ကျင်းပ စက်သုံးဆီပြတ်လပ်မှုမရှိစေရန် နိုင်ငံတော်အနေဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိ




**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီ (၃/၂၀၂၄) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ရုံးအမှတ် (၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက် အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ စီးပွားရေးရာ ဝန်ကြီးများ၊ စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ဆန်စျေးနှုန်းနှင့် စပ်လျဉ်း၍ သင့်တင့်မျှတသော စျေးနှုန်းဖြင့် ပြည်သူများ လွယ်ကူစွာ ဝယ်ယူစားသုံးနိုင်ရန် ဆန်စျေးကွက်စျေးနှုန်းကို လစဉ် ထုတ်ပြန်ပေးလျက် ရှိကြောင်း၊ ဆန်စက်များ ပုံမှန်လည်ပတ်ရေး၊ ဆန်ဆိုင်များ ပုံမှန်ဖွင့်လှစ်ရောင်းချရေးအတွက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ ပူးပေါင်း၍ ကြပ်မတ် ဆောင်ရွက်ခဲ့ပါကြောင်း။

စားသုံးဆီနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စားအုန်းဆီခွဲတမ်း တိုးမြှင့်ရရှိရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ စားအုန်းဆီများ စားသုံးသူလက်ဝယ်သို့ စျေးနှုန်း၊ အလေးချိန်မှန်ကန်စွာရောင်းချစေရန် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ဆေးနှင့် ဆေးပစ္စည်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆေးဝါး ပြတ်လပ်မှုနှင့် စျေးနှုန်းမြင့်တက်မှုများ မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

စက်သုံးဆီနှင့်စပ်လျဉ်း၍ ကုန်ထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများအတွက် မရှိမဖြစ်လိုအပ်သည့် စက်သုံးဆီပြတ်လပ်မှုမရှိစေရန် နိုင်ငံတော်အနေဖြင့် ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် စက်သုံးဆီဝယ်ယူရန် လိုအပ်သောနိုင်ငံခြားငွေရရှိရေးအတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊

ဒေသအချို့တွင် စပါးခင်းများ ရေကြီး နစ်မြုပ်မှုများကြောင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း မြန်မာ့အာမခံလုပ်ငန်းတွင် ထားရှိသည့် ရာသီဥတုညွှန်းကိန်းအခြေပြု သီးနှံအာမခံအတွက် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် စုစုပေါင်း လျော်ကြေးငွေအနေဖြင့် ၁၂ ဒသမ ၂၆၅ ဘီလီယံခန့် ပေးလျော်သွားမည်ဖြစ်ကြောင်း၊ လယ်သမားများအနေဖြင့် ဆုံးရှုံးမှုမရှိစေရန် ရာသီဥတုညွှန်းကိန်း အခြေပြု သီးနှံအာမခံထားရှိရေး၊ ဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက အာမခံလျော်ကြေး ပေးအပ်မှုအခြေအနေများကိုလည်း ပြည်သူများ သိရှိရေး အသိပညာပေးမှုများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စပါးအထွက်နှုန်း မကျဆင်းစေရန် ပြန်လည်စိုက်ပျိုးနိုင်မည့် မျိုးစပါး၊ မြေသြဇာနှင့် စိုက်ပျိုးရေးဆေးများ အချိန်မီရရှိရေးအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးမှ ပူးပေါင်း ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

**ဆွေးနွေးတင်ပြ**

ယနေ့အစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အဓိကစားသောက်ကုန်ဖြစ်သည့် ဆန်၊ စားသုံးဆီအပါအဝင် အခြေခံစားသောက်ကုန်များ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ စက်သုံးဆီစသည့် အရေးကြီးကုန်စည်များ ပြတ်လပ်မှုမရှိစေရေး၊ ကုန်စျေးနှုန်း တည်ငြိမ်ရေးနှင့်စပ်လျဉ်း၍ နေ့စဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲ၊ ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြပေးရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆန်၊ စားအုန်းဆီ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ အပါအဝင် အခြေခံ စားသောက်ကုန်များ စျေးနှုန်းတည်ငြိမ်ရေး ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေး တင်ပြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဝန်ကြီးချုပ်များ၊ ကော်မတီ အဖွဲ့ဝင်များက ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ အဓိက ကုန်စည် စျေးနှုန်းများအပေါ် သုံးသပ်ချက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူထုတ်လုပ်မှု၊ စားသုံးမှုနှင့် စားနပ်ရိက္ခာဖူလုံမှု အခြေအနေနှင့် အခြေခံစားသောက်ကုန် စျေးနှုန်းများ တည်ငြိမ်စေရေးဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌက ဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍနှင့် ဒေသအလိုက် ကုန်စျေးနှုန်း တည်ငြိမ်စေရေး ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ SKT International School၊ သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တို့သို့ ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁၁**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကား ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သူသူ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ သာကေတမြို့နယ် SKT International School ရှိ စာသင်ခန်းများ၊ စားသောက်ခန်းမ၊ စာကြည့်တိုက်၊ သိပ္ပံခန်း၊ အားကစားခန်း၊ Theatre ခန်းမတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။



**တွေ့ဆုံ**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ် ပညာနေခြည်ခန်းမ၌ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့်လည်းကောင်း၊ ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၌ အဆိုပါကောလိပ်မှ ဆရာ ဆရာမများနှင့်လည်းကောင်း တွေ့ဆုံ အမှာစကားပြောကြားသည်။

**တိုက်တွန်းမှာကြား**

ထိုသို့ တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သင်တန်းသား သင်တန်းသူများသည် ဆရာ ဆရာမများ ဖြစ်လာကြသည့်အခါ နေထိုင်ပြုမူ ပြောဆိုဆက်ဆံမှုတွင် ကျောင်းသား ကျောင်းသူများအတွက် စံနမူနာပြဖြစ်ရန်လိုအပ်ကြောင်း၊ ဥပဒေကို လေးစားလိုက်နာတတ်ပြီး စည်းကမ်းကောင်းမွန်သည့် အလေ့အကျင့်ကောင်းများ ရှိလာအောင် လေ့ကျင့်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့သင်ယူနေသည့် ဘာသာရပ်များကို တန်ဖိုးထားပြီး ထူးချွန်ထက်မြက်စေရန် ကြိုးစားသင်ယူကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

**သတင်းစဉ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလှောင်တမံများတွင် ရေဝင်ရောက်မှုနှင့် ချောင်းများ၏ ရေစီးဆင်းမှုအခြေအနေ ကွင်းဆင်း စီမံဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ရေဆင်းနှင့် ပေါင်းလောင်းရေလှောင်တမံများ၊ ပင်လောင်းလမ်းဆုံနေရာ၊ ဆင်သေချောင်းနှင့် ငလိုက်ချောင်းများသို့ သွားရောက်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုများဖြစ်ပေါ်နေမှုကို ထိန်းသိမ်းစီမံဆောင်ရွက်နေမှု၊ တမံများ၏ကြံ့ခိုင်မှုအခြေအနေ စောင့်ကြည့်စီမံနေမှုနှင့် ချောင်းများ၏ ရေစီးဆင်းမှုအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ချောင်းရေမြင့်တက်လာမှုကြောင့် ချောင်းဧရိယာအတွင်းနှင့် အနိမ့်ပိုင်းနေရာများတွင် ရေဝင်ရောက်မှုများရှိနိုင်ပါက ကြိုတင်အသိပေး ကြေညာမှုများဆောင်ရွက်ရန်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ပေါင်းလောင်းရေလှောင်တမံအား ကြည့်ရှုစစ်ဆေးစဉ်။

**ကန်ရေပြည့်အမှတ်သို့ရောက်ရှိ**

ယနေ့နံနက် ၆ နာရီ ရေမှတ်တိုင်းတာမှုများအရ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိရေလှောင်တမံများအနက် ပေါင်းလောင်းရေလှောင်တမံတစ်ခုသာ ရေပိုလွှဲမှ ၆ ဒသမ ဂ၆ ပေ ရေကျော် စီးဆင်းနေပြီး အဓိကရေလှောင်တမံများဖြစ်သော ဆင်သေရေလှောင်တမံတွင် ၁၉ ပေခန့်၊ ချောင်းမငယ်ရေလှောင်တမံတွင် ငါးပေခန့်၊ မဒန်းရေလှောင်တမံတွင် ၁၁ ပေခန့်၊ ရေဆင်းရေလှောင်တမံတွင် ရှစ်ပေခန့်ရှိကာ ကန်ရေပြည့်အမှတ်သို့ရောက်ရှိရန် လိုအပ်နေပြီး ငလိုက်တမံတွင် ကန်ရေပြည့်အမှတ်သို့ ရောက်ရှိနေကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးက ယခုရက်များအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်း၊ တောင်ကျရေများ စီးဝင်လာနိုင်ခြင်းတို့ကြောင့် ရေလှောင်ပမာဏ သေးငယ်သော တမံငယ်များတွင် ရုတ်တရက် ရေအလုံးအရင်းဖြင့် ဝင်ရောက်မှုများဖြစ်လာနိုင်သဖြင့် တာဝန်ရှိသူများက အနီးကပ်စဉ်ဆက်မပြတ် စောင့်ကြည့်စီမံမှုများဆောင်ရွက်ရန်နှင့် ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှုကို အချိန်နာရီစဉ်အလိုက် ရုံးချုပ်သို့တင်ပြရန် မှာကြားသည်။

အလားတူ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ရှမ်းကုန်းပြင်မြင့်နှင့် ဆက်စပ်တည်ရှိနေသော ရမည်းသင်းခရိုင်ရှိ ကျီးနီကန်နှင့် ကတင်ကန်တို့၏ ရေဝင်ရောက်မှုများ၊ မိတ္ထီလာခရိုင်အတွင်းရှိဆည်ကန်များ၏ ရေဝင်ရောက်မှုများ၊ ဆည်ကန်များတွင် ထိန်းသိမ်း စီမံဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးပြီး ဆည်တမံများအလိုက်၊ တူးမြောင်းများအလိုက် တာဝန်ရှိသူအဆင့်ဆင့်ကို စောင့်ကြည့်တာဝန်ပေးအပ်ထားသည်။

လတ်တလောဖြစ်ပေါ်နေသည့် လေပွေလိုင်းများဖြတ်သန်းရာဒေသများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မြစ်များ၊ ချောင်းများတွင် ရေစီးဆင်းမှုများပြားခြင်း၊ ရေလှောင်တမံများတွင် ရေဝင်ရောက်မှုများလာခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာနိုင်ခြင်းအပေါ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက အနီးကပ်စောင့်ကြည့်စီမံမှုများ ဆောင်ရွက်လျက်ရှိပြီး ရေကြီးရေလျှံမှု အခြေအနေများ ဖြစ်ပေါ်နိုင်သည့် ဒေသများ၌ ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးကြေညာခြင်း၊ ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပျဉ်းမနားမြို့နယ်အတွင်း ငလိုက်ချောင်း၊ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်တစ်လျှောက်ရှိ ကျေးရွာများ ရေဘေးအန္တရာယ် သတိပြုနေထိုင်ကြရန် နှိုးဆော်

နေပြည်တော် စက်တင်ဘာ ၁၁

ရာဂီမုန်တိုင်းအရှိန်ကြောင့် နေပြည်တော်ဒေသနှင့် အရှေ့ဘက်ကုန်းမြင့်ဒေသများတွင် မိုးရွာသွန်းမှု များပြားလျက်ရှိပြီး ပျဉ်းမနားမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ငလိုက်ချောင်း၊ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်တို့တွင် ရေမြင့်တက်လျက်ရှိသည်။ သို့ပါ၍ ပျဉ်းမနားမြို့နယ်အတွင်း ငလိုက်ချောင်း၊ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်တစ်လျှောက်ရှိ အနိမ့်ပိုင်းဧရိယာများနှင့် ကျေးရွာများအနေဖြင့် ရေဘေးအန္တရာယ် သတိပြုနေထိုင်ကြပါရန် နှိုးဆော်တိုက်တွန်းထားသည်။ **သတင်းစဉ်**

✻ **ရှေ့ဖုံးမှ**

ဘုရင့်နောင်ရပ်ကွက်၊ အနော်ရထာရပ်ကွက်နှင့် ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်း၊ တံတားအချို့ ရေတိုက်စားပျက်စီးခြင်း၊ ရန်ကုန် – မန္တလေး လမ်းဟောင်း အချို့နေရာများတွင် ရေကျော်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

အလားတူ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်ရေ မြင့်တက်လာမှုကြောင့် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ လူနေရပ်ကွက်များနှင့် ကျေးရွာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်းနှင့် ရန်ကုန်-မန္တလေး လမ်းဟောင်း တစ်လျှောက် ရေကျော်မှုများ ဖြစ်ပေါ်မှုကြောင့် မော်တော်ယာဉ်များ သွားလာ၍မရကြောင်း သိရသည်။ အဆိုပါ ရေကြီး ရေလျှံမှုများကြောင့် ရပ်ကွက်၊ ကျေးရွာများမှ လူနှင့် တိရစ္ဆာန်များ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ရေး သက်ဆိုင်ရာ နေပြည်တော်ကောင်စီ မြို့နယ်၊ ရပ်ကွက်များနှင့် ကျေးရွာများ အလိုက် တာဝန်ရှိသူများ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက အချိန်နှင့်တစ်ပြေးညီ ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကော့ထင်းကျေးရွာအုပ်စု၊ ရန်ကုန်-မော်လမြိုင်သွားကားလမ်း ရေကျော်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ကားလမ်း ရေကျော်နေမှုကြောင့် ယာဉ်များ ပုံမှန်သွားလာနိုင်ရေး၊ ပိတ်ဆို့မှုမဖြစ်ပေါ်စေရေး၊ လမ်းကြောင်းရှင်းလင်းရေးနှင့် ရေလမ်းကြောင်းပြသရန်အတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် စက်တင်ဘာ ၇ ရက်မှ စတင်ပြီး မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျရေများ စီးဆင်းလာမှုကြောင့် ကဒတ်ချောင်းရေ မြင့်တက်လာကာ



ကျိုက်ထိုမြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းများပေါ်တွင် ရေကျော်လျက်ရှိသည်ကို တွေ့ရစဉ်။

ကျိုက်ထိုမြို့၊ ရပ်ကွက်အချို့ရှိ မြေနိမ့်ပိုင်းနေအိမ်များ အတွင်းသို့ ရေ ဝင်ရောက်ခဲ့ရာ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေရာ ချထားပေးကြောင်း သိရသည်။

ထို့အပြင် ပေျာ်ဘွယ်မြို့နယ်တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိပြီး ရပ်ကွက်၊ ကျေးရွာများတွင် ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိပြီး ပျော်ဘွယ်မြို့၏ တောင်ဘက် သုံးမိုင်ခန့်အကွာ၊ ကျောင်းကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေး မီးရထားသံလမ်း မိုင်တိုင်အမှတ်(၂၈၅/၅ နှင့် ၂၈၅/၉)အကြား၊ အမှတ်(၁)သံလမ်းပေါ်ရှိ သံပေါင်တံတား ဒေါက်တိုင်မှာ ရေတိုက်စားမှုကြောင့် ပြုတ်ထွက်သွားသဖြင့် မီးရထားလိုင်းများ ပြေးဆွဲခြင်းကို ယာယီရပ်နားထားကြောင်း၊ မီးရထားများ ပုံမှန်ပြေးဆွဲနိုင်ရန်အတွက် သံပေါင်တံတားအား သက်ဆိုင်ရာ တာဝန်ရှိသူများက အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားကာ အခြေခံပညာစာသင်ကျောင်းအချို့ ယာယီပိတ်ထားရကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည့် နေရာများသို့ ဒေသအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရွှေ့ပြောင်းရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ တက်တက်ကြွကြွ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် မြစ်ချောင်းများအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် မြစ်ချောင်းများတစ်လျှောက်ရှိ မြေနိမ့်ပိုင်းဧရိယာများနှင့် ကျေးရွာများတွင် နေထိုင်ကြသော ဒေသခံပြည်သူများအား ရေဘေးအန္တရာယ် သတိပြုနေထိုင်နိုင်ရေး အသိပေးနှိုးဆော်တိုက်တွန်းထားကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့် (National Self Defence)

**မအေးစု(ဥပဒေ)**

တရားသောစစ်မှုသဘောတရား(Just War Theory)အရ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်လွတ်လပ်မှုကို ထိပါးနှောင့်ယှက်လာတဲ့အခါမှာ အဲဒီနိုင်ငံအနေနဲ့ ကာကွယ်ခုခံနိုင်တဲ့ အခွင့်အရေးရှိပါတယ်။ ဒီမူသဘောတရားကပဲ နိုင်ငံတစ်နိုင်ငံရဲ့ ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲမှုနဲ့ နိုင်ငံရေးလွတ်လပ်မှုကို မပြိုကွဲမပျက်စီးစေဖို့အတွက် ကာကွယ်ခုခံပိုင်ခွင့် အခွင့်အရေးကို ခွင့်ပြုထားတာပဲဖြစ်ပါတယ်။

နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့် (National Self Defence) ဆိုတာဟာ နိုင်ငံတော်ကို ကာကွယ်ဖို့နဲ့ ကျရောက်လာမယ့် အန္တရာယ်တွေကို တိုက်ဖျက်ဖို့ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရရင် နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာ၊ အခြေခံအဆောက်အအုံ၊ နိုင်ငံသားတွေရဲ့ လူမှုဘဝနဲ့ အကျိုးစီးပွားတွေကို ကာကွယ်ဖို့ပဲဖြစ်ပါတယ်။ နိုင်ငံတစ်ခုရဲ့ အတွင်းရန်နဲ့ အပြင်ရန်တွေကို ကာကွယ်ဖို့ လုပ်ဆောင်တာလို့လည်း အဓိပ္ပာယ်ရပါတယ်။

## နိုင်ငံတော်ရဲ့ လုံခြုံရေးနဲ့ တည်ငြိမ်မှုကို ထိပါးလာတဲ့အခါ ကာကွယ်

နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်အတွက် နိုင်ငံတစ်ခုရဲ့ အတွင်းရန်ကို ကာကွယ်တယ်ဆိုတာကတော့ နိုင်ငံအတွင်းမှာရှိတဲ့ အကြမ်းဖက်အဖွဲ့တွေ၊ အကြမ်းဖက်လုပ်ရပ်တွေ၊ လက်နက်ကိုင်တိုက်ခိုက်လာတာတွေကြောင့် နိုင်ငံတော်ရဲ့ လုံခြုံရေးနဲ့ တည်ငြိမ်မှုကို ထိပါးလာတဲ့အခါ ကာကွယ်ဖို့အခွင့်အရေးဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်ကို ကျင့်သုံးတာဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်မှာ အပြင်ရန်တွေဖြစ်တဲ့ ပြည်ပနိုင်ငံတစ်ခုခုက နည်းလမ်းတစ်မျိုးမျိုးနဲ့ ထိပါးနှောင့်ယှက်လာတာတွေကို ကာကွယ်ဖို့လည်း လိုအပ်ပါတယ်။

> **❝ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးလာမှုနဲ့ နိုင်ငံတော်နဲ့ ပြည်သူတွေအပေါ် အကြမ်းဖက်လာတာတွေကို နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်ဆိုတဲ့ အခွင့်အရေးတစ်ရပ်အနေနဲ့ တုံ့ပြန်ဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။ ဒီကိစ္စဟာ တပ်မတော်အရေးကိစ္စသာမဟုတ်ဘဲ အမျိုးသားရေးကိစ္စတစ်ရပ်အနေနဲ့ ဖြစ်ပေါ်လာခဲ့ပါတယ်။ အမျိုးသားရေးကိစ္စမှာ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိလာပါတယ်။ နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်အတွက် နိုင်ငံသားတိုင်းဟာ ကျရာအခန်းကဏ္ဍက ပါဝင်လာကြဖို့လိုအပ် ❞**

စာရေးသူတို့နိုင်ငံဟာ လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ပြီး နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဟာ နိုင်ငံသားတွေထံက ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာ တည်တယ်ဆိုတဲ့မှုကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) မှာ ပြဋ္ဌာန်းထားပါတယ်။ ဒ့ါအပြင် တပ်မတော်ဟာ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးမှာ ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိတယ်လို့လည်း ပြဋ္ဌာန်းထားပါတယ်။

**လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ နိုင်ငံတော်ရဲ့ ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲမှုနဲ့ နိုင်ငံရေးအရ လွတ်လပ်မှုကို ပြိုကွဲပျက်စီးအောင် လုပ်ဆောင်လာတာတွေကို နိုင်ငံတစ်နိုင်ငံရဲ့ အခွင့်အရေးဖြစ်တဲ့ ကာကွယ်ခုခံပိုင်ခွင့်အနေနဲ့ တုံ့ပြန်ဆောင်ရွက်ခွင့် အပြည့်အဝရှိပါတယ်။** နိုင်ငံတော်အစိုးရအနေနဲ့ ထာဝရငြိမ်းချမ်းရေး၊ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးဆိုတာတွေကို ရှေးရှုဆောင်ရွက်နေချိန်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေနဲ့ နိုင်ငံတော်မှာဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအကျပ်အတည်းကို အခွင့်ကောင်းယူပြီး နယ်မြေချဲ့ထွင်ဖို့ လုပ်ဆောင်လာတာတွေဟာ နိုင်ငံတော်ရဲ့ ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲမှုနဲ့ နိုင်ငံရေးအရလွတ်လပ်မှုကို ထိပါးနှောင့်ယှက်လာကြတာပဲဖြစ်ပါတယ်။

အဲဒီလို ထိပါးနှောင့်ယှက်လာကြတဲ့နေရာမှာလည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေရဲ့ သတ်မှတ်ပြဋ္ဌာန်းချက်တွေအရ အကြမ်းဖက်လုပ်ရပ်တွေလို့ သတ်မှတ်ထားတဲ့ အများပြည်သူရဲ့ လုံခြုံရေး၊ အသက်အိုးအိမ်စည်းစိမ်၊ အများပြည်သူနဲ့ တစ်ဦးတစ်ယောက်ချင်းစီအတွက် အရေးကြီးတဲ့ အခြေခံအဆောက်အအုံတွေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနဲ့ အသုံးအဆောင်ပစ္စည်းတွေကို ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေအောင် ပြုလုပ်မှုတွေဖြစ်တဲ့ အများပြည်သူအသုံးပြုနေတဲ့ လမ်း၊ တံတားတွေကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးတာတွေ၊ လျှပ်စစ်တာဝါတိုင်တွေကို ဖောက်ခွဲဖျက်ဆီးတာတွေ၊ လူနေထူထပ်တဲ့ မြို့ရွာတွေကို အဝေးကနေ လက်နက်ကြီးတွေနဲ့ ပစ်ခတ်တိုက်ခိုက်တာတွေ၊ Drop Bomb တွေချပြီး တိုက်ခိုက်တာတွေ၊ အပြစ်မဲ့ပြည်သူတွေကို အကြောင်းမဲ့သတ်ဖြတ်တာတွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို ဖမ်းဆီးသတ်ဖြတ်တာတွေ၊ ကျောင်းဆရာမစတဲ့ အမျိုးသမီးတွေကိုဖမ်းဆီးပြီး အရှက်သိက္ခာအတွက် ငွေကြေးပေးမှ ပြန်လွှတ်ပေးတာတွေ၊ အတင်းအဓမ္မလူသစ်စုဆောင်းတာတွေ၊ နိုင်ငံတော်ပိုင် အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနဲ့ အသုံးအဆောင်ပစ္စည်းတွေကို ဖျက်ဆီးတာတွေ စတဲ့ အကြမ်းဖက်လုပ်ရပ်တွေကို လက်နက်ကိုင်တိုင်းရင်းသား အကြမ်းဖက်သောင်းကျန်းသူအချို့နဲ့ PDF အမည်ခံ အကြမ်းဖက်သမားတွေက လုပ်ဆောင်လာခဲ့ကြတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

## နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်ဆိုတဲ့ အခွင့်အရေးတစ်ရပ်အနေနဲ့ တုံ့ပြန်ဆောင်ရွက်

ဒီလုပ်ရပ်တွေဟာ နိုင်ငံတော်အတွင်း အခြေပြုပြီး နိုင်ငံတော်နဲ့ ပြည်သူတွေကို အကြမ်းဖက်မှုကျူးလွန်နေတာဖြစ်ပါတယ်။ ဒါကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အချို့ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့တာဖြစ်ပါတယ်။ **ဒီလို နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးလာမှုနဲ့ နိုင်ငံတော်နဲ့ ပြည်သူတွေအပေါ် အကြမ်းဖက်လာတာတွေကို နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်ဆိုတဲ့ အခွင့်အရေးတစ်ရပ်အနေနဲ့ တုံ့ပြန်ဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။ ဒီကိစ္စဟာ တပ်မတော်အရေးကိစ္စသာမဟုတ်ဘဲ အမျိုးသားရေးကိစ္စတစ်ရပ်အနေနဲ့ ဖြစ်ပေါ်လာခဲ့ပါတယ်။ အမျိုးသားရေးကိစ္စမှာ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိလာပါတယ်။ နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်အတွက် နိုင်ငံသားတိုင်းဟာ ကျရာအခန်းကဏ္ဍက ပါဝင်လာကြဖို့ လိုအပ်လာပါတယ်။**

တိုင်းရင်းသားလက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် ဒေသခံတိုင်းရင်းသားပြည်သူတွေအနေနဲ့ ယာယီနေရပ်စွန့်ခွာရမှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့အပြင် အဲဒီအကြမ်းဖက်သောင်းကျန်းသူတွေဟာ မြို့ရွာတွေမှာ အဓမ္မဝင်ရောက်နေထိုင်လာကြပြီး အဲဒီလိုနေထိုင်မှုအပေါ် တပ်မတော်တန်ပြန်ထိုးစစ်ဆင်မှုကို ကာကွယ်ဖို့အတွက် ပြည်သူတွေရဲ့ နေအိမ်အဆောက်အအုံတွေ၊ အရပ်ဘက်အဆောက်အအုံတွေကို အသုံးပြုလာတာတွေ၊ လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ဖို့အတွက် ယာယီနေရပ်စွန့်ခွာသူတွေကို မြို့၊ ရွာတွေမှာ ပြန်လည်နေထိုင်ဖို့ ဆွဲဆောင်စည်းရုံးတာတွေကို လုပ်ဆောင်လာကြတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီနေရာမှာ **ပြည်သူတွေအနေနဲ့ တစ်ခုသတိထားရမှာက အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ အသုံးချခံမဖြစ်ဖို့ဆိုတာနဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကို ဆက်နွှယ်ပတ်သက်မိရင် အကြမ်းဖက်အားပေးဖြစ်သွားနိုင်တယ်ဆိုတာပဲ ဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ တပ်မတော်က နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို ထိပါးလာမှုနဲ့ အကြမ်းဖက်မှုတွေကို မလွဲမသွေ တုံ့ပြန်ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက်ပြည်သူတွေအနေနဲ့ မြေစာပင်မဖြစ်ရအောင် သတိပေးလိုခြင်း ဖြစ်ပါတယ်။** အကြမ်းဖက်မှုကို ပြည်သူတစ်ရပ်လုံး ဆန့်ကျင်သွားရမှာပဲ ဖြစ်ပါတယ်။

## တာဝန်သိစွာဖြင့် ပါဝင်လာဖို့လို

နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးလာမှုနဲ့ အကြမ်းဖက်မှုတွေကို တုံ့ပြန်ဆောင်ရွက်တဲ့နေရာမှာ တပ်မတော်တစ်ရပ်တည်းသာမက **နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် အမျိုးဘာသာ သာသနာကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်လိုစိတ်ရှိတဲ့ ပြည်သူတွေကပါ အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ နိုင်ငံတော်အပေါ် ကျရောက်လာတဲ့ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှု အန္တရာယ်ကို နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့် (National Self Defence) အနေနဲ့ ကျင့်သုံးဆောင်ရွက်ရာမှာ တာဝန်သိစွာဖြင့် ပါဝင်လာဖို့လိုပါတယ်။** လက်ရှိအချိန်မှာ တာဝန်သိပြည်သူတွေအနေနဲ့ တပ်မတော်နဲ့ လက်တွဲပြီး ပြည်သူ့စစ်အဖွဲ့တွေမှာ ပါဝင်တာဝန်ထမ်းဆောင်တာတွေ၊ ပြည်သူ့လုံခြုံရေးအဖွဲ့တွေမှာ ပါဝင် တာဝန်ထမ်းဆောင်လာတာတွေဟာ နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်အတွက် အားတက်ဖွယ်မြင်ကွင်းတွေပဲ ဖြစ်ပါတယ်။ ဒီကဏ္ဍရပ်တွေအပြင် အခြားကဏ္ဍရပ်တွေမှာလည်း ပြည်သူတွေ ပါဝင်လာကြဖို့ လိုအပ်ပါတယ်။ ဖြစ်ပေါ်လာတဲ့ အခြေအနေတွေအရ နိုင်ငံတော်အတွက် စစ်မှုထမ်းခြင်းနဲ့ အခြားသော လုံခြုံရေးအဖွဲ့အစည်းတွေမှာ ပါဝင်ခြင်းဟာ ပြည်သူတွေရဲ့ တာဝန်တစ်ခုအဖြစ် အရေးတကြီး တည်ရှိလာပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ရဲ့ပြဋ္ဌာန်းချက်တွေထဲမှာဆိုရင် “ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးဟာ နိုင်ငံသားတိုင်းရဲ့ တာဝန်ဖြစ်တယ်” လို့ ဆိုတဲ့အချက်၊ “နိုင်ငံသားတိုင်းဟာ ဥပဒေပြဋ္ဌာန်းချက်တွေနဲ့အညီ စစ်ပညာသင်ကြားဖို့နဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ဖို့ တာဝန်ရှိတယ်” လို့ ဆိုတဲ့ အချက်တွေကို အတိအလင်း ပြဋ္ဌာန်းထားပါတယ်။

## သတင်းမှားတွေပျံ့နှံ့မှုက ကာကွယ်

ပြည်သူတွေအနေနဲ့ ကိုယ့်နိုင်ငံအပေါ် **ရိုးသားစွာသစ္စာရှိပြီး ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေကိုလိုက်နာဖို့၊ လုံခြုံရေးနဲ့ဆိုင်တဲ့ ဘယ်ဥပဒေကိုမဆို လိုက်နာဖို့ဆိုတာတွေဟာ နိုင်ငံတစ်ခုရဲ့ လုံခြုံရေးစနစ်ကို ပြည့်ပြည့်ဝဝ တည်ဆောက်တဲ့နေရာမှာ လွန်စွာအရေးပါလှပါတယ်။ ပြည်သူတွေအနေနဲ့ သတင်းအချက်အလက်တွေကို အမှားအမှန်ခွဲခြားတတ်ပြီးတော့ သတင်းမှားတွေကို ကာကွယ်ဖို့၊ သတင်းမှားတွေ၊ အဖြစ်မှန်နဲ့ ကွဲလွဲချက်တွေဟာ နိုင်ငံတော်ရဲ့ လုံခြုံရေးကို ထိခိုက်စေနိုင်တာကြောင့် သတင်းမှားတွေ ပျံ့နှံ့မှုက ကာကွယ်ဖို့အတွက် စောင့်ကြည့်သတိထားပြီး မှန်ကန်တဲ့ သတင်းအချက်အလက်တွေကို အသုံးပြုကြဖို့ လိုအပ်ပါတယ်။** ဒ့ါအပြင် လူမှုရေး၊ ယဉ်ကျေးမှုနဲ့ အခြေခံတန်ဖိုးတွေကို လိုက်နာပြီး ပတ်ဝန်းကျင်၊ မြို့ရွာများ တည်ငြိမ်ရေးနဲ့ ငြိမ်းချမ်းရေးကို ထိန်းသိမ်းဖို့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ လုပ်ငန်းစဉ်တွေကို လိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ **အရေးပေါ်အခြေအနေတွေ၊ ခြိမ်းခြောက်မှုတွေနဲ့ လုံခြုံရေးထိခိုက်မှုတွေ ဖြစ်ပေါ်လာတဲ့အခါ အစိုးရနဲ့ လုံခြုံရေးအဖွဲ့တွေထံကို သတိပေးတာတွေ၊ သတင်းပို့တာတွေကို ပြည်သူတွေအနေနဲ့ တာဝန်သိစွာ ဆောင်ရွက်ကြဖို့လိုပါတယ်။ ဒါမှသာ လုံခြုံရေးနဲ့ ကာကွယ်ရေးစနစ်အတွင်းမှာ ပြည်သူတွေ ပူးပေါင်းပါဝင်လာပြီး နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်ကို ထိရောက်စွာ ဆောင်ရွက်နိုင်မှာဖြစ်**သလို နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးလာမှုနဲ့ အကြမ်းဖက်မှုတွေကို မလွဲမသွေ တုံ့ပြန်မှုပြုကြရတဲ့အခါမှာ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုအားနဲ့ ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

> **❝ ပြည်သူတွေအနေနဲ့ ကိုယ့်နိုင်ငံအပေါ် ရိုးသားစွာသစ္စာရှိပြီး ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေကိုလိုက်နာဖို့၊ လုံခြုံရေးနဲ့ဆိုင်တဲ့ ဘယ်ဥပဒေကိုမဆို လိုက်နာဖို့ဆိုတာတွေဟာ နိုင်ငံတစ်ခုရဲ့ လုံခြုံရေးစနစ်ကို ပြည့်ပြည့်ဝဝ တည်ဆောက်တဲ့နေရာမှာ လွန်စွာအရေးပါလှပါတယ်။ ပြည်သူတွေအနေနဲ့ သတင်းအချက်အလက်တွေကို အမှားအမှန် ခွဲခြားတတ်ပြီးတော့ သတင်းမှားတွေကို ကာကွယ်ဖို့၊ သတင်းမှားတွေ၊ အဖြစ်မှန်နဲ့ ကွဲလွဲချက်တွေဟာ နိုင်ငံတော်ရဲ့လုံခြုံရေးကို ထိခိုက်စေနိုင်တာကြောင့် သတင်းမှားတွေ ပျံ့နှံ့မှုက ကာကွယ်ဖို့အတွက် စောင့်ကြည့်သတိထားပြီး မှန်ကန်တဲ့ သတင်းအချက်အလက်တွေကို အသုံးပြုကြဖို့လိုအပ် ❞**

# စက်မှုသင်တန်းကျောင်းများအား မြန်မာနိုင်ငံအမျိုးသားအဆင့်ပညာရေး အရည်အသွေးမူဘောင်အဆင့်အတန်း သတ်မှတ်နိုင်ရေးနှင့် ရေ့ဆက်လက်ပေါင်းစပ် ပညာသင်ကြားရန်အတွက် ချိတ်ဆက်ဖော်ဆောင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

စက်မှုသင်တန်းကျောင်း (Industrial Training Center – ITC) များအား မြန်မာနိုင်ငံ အမျိုးသားအဆင့် ပညာရေးအရည်အသွေးမူဘောင် အဆင့်အတန်း သတ်မှတ်နိုင်ရေးနှင့် ရှေ့ဆက်လက်ပေါင်းစပ် ပညာသင်ကြားရန်အတွက် ချိတ်ဆက်ဖော်ဆောင် နိုင်ရေး အလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။



**တက်ရောက်**

အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယ ဝန်ကြီး ဦးရင်မောင်ညွန့်၊ စက်မှုဝန်ကြီးဌာန၊ အလုပ် သမားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုကော်မတီ အတွင်းရေးမှူး၊ နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့မှ ပညာရှင်များ၊ ဌာနဆိုင်ရာများ၊ စက်မှုသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုအခါ စက်မှု သင်တန်းကျောင်းများတွင် အရည်အသွေးပြည့်ဝ သည့် သင်တန်းသားများမွေးထုတ်နိုင်ရန် Program Standards, Program Evaluation Manual, ITC Teacher Standard Quality Assurance Framework များကို ပြုစုရေးဆွဲ၍ အကောင်အထည် ဖော်လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အရည်အသွေးစီမံခန့်ခွဲမှုစနစ်ကိုလည်း ကျင့်သုံး လျက်ရှိရာ မြန်မာနိုင်ငံ အမျိုးသားအဆင့်ပညာရေး အရည်အသွေးမူဘောင်အဆင့်အတန်းရှိ သင်တန်း ကျောင်းများအဖြစ် သတ်မှတ်ရေးနှင့် ရှေ့ဆက်လက် ဆောင်ရွက်နိုင်မည့်လမ်းကြောင်း ချိတ်ဆက်ဖော် ဆောင်ရေးအတွက် ယခုအလုပ်ရုံဆွေးနွေးပွဲမှ တွေ့ရှိ ချက်များဖော်ထုတ်၍ ပြင်ဆင်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနမှ ဖွင့်လှစ် လျက်ရှိသည့် စက်မှုသင်တန်းကျောင်းများကို မြန်မာ နိုင်ငံအမျိုးသားအဆင့်ပညာရေး အရည်အသွေး မူဘောင် အဆင့်အတန်းသတ်မှတ်နိုင်ရေးနှင့် ရှေ့ဆက်လက် ဆောင်ရွက်နိုင်မည့်လမ်းကြောင်း ချိတ်ဆက်ရာတွင် လိုအပ်သောအပိုင်းများ ဖော်ထုတ် ခြင်း၊ ထပ်မံဖြည့်စွက်ခြင်းနှင့် ဆန်းစစ်ခြင်းလုပ်ငန်း စဉ်များကို အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူများ အနေဖြင့် အကြံပြုဆွေးနွေးပေးစေလိုကြောင်း။

အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် ဆွေးနွေး ဆုံးဖြတ်ချက်များနှင့် အကြံပြုဆွေးနွေးချက်များ၊ ရလဒ်များသည် စက်မှုသင်တန်းကျောင်းများ၏ ရှေ့ဆက်သွားရမည့် အကောင်အထည်ဖော်ဆောင် ရေးလုပ်ငန်းစဉ်များတွင် များစွာအကျိုးပြုပြီး TVET ကဏ္ဍမြှင့်တင်ရေးကိုလည်း အထောက်အကူပြုနိုင် မည်ဖြစ်ကြောင်း၊ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် ဆက်စပ်ဝန်ကြီးဌာန များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ TVET ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် အကျိုးရှိမည်သာမက နိုင်ငံတွင်း၊ ဒေသတွင်းမှသည် နိုင်ငံတကာအဆင့်ထိ TVET ကဏ္ဍဆိုင်ရာကိစ္စရပ်များကို ကောင်းစွာချိတ်ဆက် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ အမျိုးသား ပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု ကော်မတီအတွင်းရေးမှူးက မြန်မာနိုင်ငံပညာရေး အဆင့်မူဘောင်ကို အသုံးပြုရမည့်နည်းလမ်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်နိုင်မည့် လမ်းကြောင်းများ ဖော်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံလုပ်သား များကျွမ်းကျင်မှုစံသတ်မှတ်ရေးအဖွဲ့ အကြံပေး ပုဂ္ဂိုလ်က မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ရေးအဖွဲ့ ဖွဲ့စည်းခဲ့မှု၊ လုပ်သားများ၏ ကျွမ်းကျင်မှုများကို စစ်ဆေးအကဲဖြတ်ပေးနေမှုတို့ ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး တက်ရောက်လာသူများ နှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အလုပ်ရုံဆွေးနွေးပွဲ ကို ဆက်လက်ကျင်းပရာ အဖွဲ့အလိုက်ဆွေးနွေးမှုများ ဆောင်ရွက်ပြီး တွေ့ရှိချက်များကို ဖော်ထုတ်ရှင်းလင်း ခြင်း၊ တက်ရောက်လာသူများက အကြံပြုဆွေးနွေး ခြင်း၊ စက်မှုသင်တန်းကျောင်းဆင်းများအတွက် ပညာများ ဆက်လက်သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများကို ဖော်ထုတ်ခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၁၀)နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၁၁

ဝန်ထမ်းအဖွဲ့အစည်း အကြီး အမှူးသင်တန်း အမှတ်စဉ်(၁၀) နှင့် အဆင့်မြင့်အရာထမ်း သင်တန်း အမှတ်စဉ်(၂၄)တို့၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ ဝန်ထမ်းတက္ကသိုလ် (အောက် မြန်မာပြည်)ရှိ ကေတုမတီခန်းမ၌ ကျင်းပသည်။




**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင် သော်၊ အဖွဲ့ဝင်ဦးစိုးတင့်၊ အဖွဲ့ဝင် သူရဦးဘိုနီ၊ ဥက္ကဋ္ဌရုံးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ ဝန်ထမ်းတက္ကသိုလ် (အောက် မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် ဒုတိယ ပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာန များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌဦးအောင်သော်က သင်တန်း ဆင်းအမှာစကား ပြောကြား ရာတွင် ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း များမှ တာဝန်ရှိသူများ၊ တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ပြည်တွင်း ကျွမ်းကျင်ပညာရှင် များက လက်ရှိအကောင်အထည် ဖော်ဆောင်ရွက်နေသော လုပ်ငန်း စဉ်များ၊ မူဝါဒများနှင့် လုပ်ထုံး လုပ်နည်းများကို လုပ်ငန်းအတွေ့ အကြုံများနှင့် ပေါင်းစပ်ပြီး ပို့ချ ဆွေးနွေးခဲ့ကြောင်း။

အရာရှိကြီးများ အနေဖြင့် လုပ်ငန်းခွင်သို့ရောက်ရှိပြီး အလုပ် တာဝန်ဝတ္တရားများကို ပြန်လည် ထမ်းဆောင်ရာတွင် **လေ့လာ၊ လေ့ကျင့်၊ လိုက်နာ**ဟူသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်မှရရှိခဲ့သည့် ပညာရပ် များကို လက်တွေ့နယ်ပယ်တွင် ထိထိရောက်ရောက် အသုံးပြုနိုင် မည်ဟု ယုံကြည်ပါကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူအတွက် **“အား”**ဖြစ်၍ နိုင်ငံအတွက် အရေးကြုံလာပါက အမြဲတမ်းအသင့်ရှိသည့် အခိုင်မာ ဆုံးသော အဖွဲ့အစည်းတစ်ခုဖြစ် ကြောင်း၊ လက်အောက်ဝန်ထမ်း များအတွက် အလုပ်နှင့်ဘဝ ဟန်ချက်ညီအောင် ဖန်တီးပေးပြီး ခါးဆက်မပြတ်စေရေးအတွက် လက်ဆင့်ကမ်းနိုင်ရေး ကြိုးစား ကြရန် တိုက်တွန်းမှာကြား သည်။

ဝန်ထမ်းအဖွဲ့အစည်း အကြီး အမှူးသင်တန်း အမှတ်စဉ်(၁၀) သို့ သင်တန်းသား ၁၇ ဦး၊ သင်တန်း သူလေးဦး စုစုပေါင်း ၂၁ ဦးနှင့် အဆင့်မြင့် အရာထမ်းသင်တန်း အမှတ်စဉ် ၂၄ သို့ သင်တန်းသား ၂၃ ဦး၊ သင်တန်းသူ ၁၉ ဦး စုစုပေါင်း ၄၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၁၅ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ကြီးတံခွန်မြို့နယ်၌ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေး

မန္တလေး စက်တင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင် ရပ်ကွက် ရန်ကုန်–မန္တလေးလမ်းရှိ မျိုးသိန်းဓမ္မာရုံ၌ စက်တင်ဘာ ၁၁ ရက်က ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင် စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးရှင်းလင်းပွဲအခမ်းအနား ကျင်းပသည်။

ထို့နောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က သန်းခေါင်စာရင်းဆိုင်ရာရည်ရွယ်ချက်၊ ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့်အိမ်ထောင်စု မေးခွန်းပုံစံ နှင့် အဖွဲ့အစည်းမေးခွန်းများကို အကျယ်တဝင့် အသိပညာပေး ရှင်းလင်းပြီး တက်ရောက်လာသည့်ပြည်သူများက သန်းခေါင်စာရင်း ဆိုင်ရာ မေးမြန်းလာမှုများကို ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသူများအား လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ပြီး မြို့နယ်သန်းခေါင် စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ် ရဲတပ်ဖွဲ့မှုဒုရဲမှူးကျော်သူထွန်း၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး မြို့နယ်လဝကဦးစီးမှူး ဦးအောင်သွင်နှင့် မြို့နယ် သန်းခေါင်စာရင်းကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ΙΙΙ



**မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ**

နေပြည်တော် စက်တင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ် တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိသည်။

မိုး/ဇလ

# ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အကြို အသိပညာပေးလှုပ်ရှားမှု သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစကားဝိုင်း ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အကြို အသိပညာပေးလှုပ်ရှားမှု သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစကားဝိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂအထွေထွေညီလာခံက နှစ်စဉ် အောက်တိုဘာ ၁၃ ရက်ကို အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနေ့အဖြစ် သတ်မှတ်ပေးခဲ့ပြီး ၁၉၈၉ ခုနှစ်မှစတင်ကာ အထိမ်းအမှတ် အခမ်းအနားများနှင့် သဘာဝဘေးအသိပညာပေးလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြကြောင်း၊ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်နေမှုများ လျော့ပါးစေရန်ထက် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုများကို လျော့နည်းစေရန် ဆောင်ရွက်ပေးခြင်းက ပိုမိုထိရောက်စေနိုင်ကြောင်း နားလည်သဘောပေါက် လာသည့်အတွက် ၂၀၁၉ ခုနှစ်မှစ၍ "အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့" (International Day for Disaster Risk Reduction–IDDRR) ဟူ၍ အမည်ပြောင်းလဲ သတ်မှတ်ခဲ့ကြောင်း။

ယခု ၂၀၂၄ ခုနှစ်အတွက် ဆောင်ပုဒ်မှာ "အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့ စွမ်းအားမြှင့်တင်စို့" (Empower–ing the Next Generation for a Resilient Future) ဖြစ်ကြောင်း၊ ကျောင်းသားလူငယ် မောင်မယ်များအနေဖြင့် အနာဂတ်တွင် ဘေးဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်သော စွမ်းအားမြင့်လူ့အဖွဲ့အစည်း တစ်ရပ်ကို ဖော်ဆောင်နိုင်ရန် အတွက် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် အတွေ့အကြုံဗဟုသုတများပြည့်ဝနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယနေ့စကားဝိုင်းမှ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးရမှုများကိုသိရှိပြီး လျော့နည်းသက်သာစေရေး၊ ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရေး၊ အဖွဲ့အစည်းများနှင့် အစီအမံများ ချိတ်ဆက်ဆောင်ရွက်ရေးတို့ကို သိရှိသကဲ့သို့ စိုက်ပျိုးရေးကဏ္ဍအပါအဝင် ကဏ္ဍစုံမှ ဘေးအန္တရာယ် ကြံ့ကြံ့ခံနိုင်ရေး ချဉ်းကပ်ရမည့် နည်းလမ်းများကို လေ့လာသိရှိမှတ်သားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုစကားဝိုင်းကို ဆက်လက်ကျင်းပရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ၁၂ ခုရှိ ရေကြီးရေလျှံမှုဖြစ်ပွားနေသော နေရာဒေသများသို့ သွားရောက်၍ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၏ ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နန်းစဖိကြိုးပြင်ကာကွယ်တောအ၏ သဘာဝရှုခင်းပုံကို တွေ့ရစဉ်။

## နန်းစဖိကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်အတွင်း ကျရောက်နေသည့်ဧရိယာအကျယ်အဝန်း ဧက ၁၄၀၀၀ ရှိသောနယ်မြေကို **"နန်းစဖိကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၂၄)အရ ၁၃၈၆ ခုနှစ် တော်သလင်းလဆန်း ၄ ရက် (၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြစ်၊ ချောင်း၊ အင်း၊ အိုင် စသည့် ရေအရင်းအမြစ်နှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်၊ ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ ဝါး စသည့် သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရန်နှင့် ရာသီဥတုသာယာမျှတစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်သည်။

နန်းစဖိကြိုးပြင် ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော အဖိုးတန်သစ်မျိုးဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်နှင့် အခြားဒေသ မျိုးရင်းသစ်မျိုးများဖြစ်သော အင်၊ ကညင်၊ သစ်ကတိုး၊ ဖန်ခါး၊ ယမနေ၊ သဒီ၊ သပြေ၊ သစ်အယ် စသည့်သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနှင့် ထိစပ်နေသဖြင့် ရှားပါးတိရစ္ဆာန်မျိုးများဖြစ်သည့် ကျား၊ ဆင်၊ ပြောင်နှင့် ဝက်ဝံ၊ မျောက်၊ ဆတ်၊ ချေ၊ တောဝက်တို့၏နေထိုင်ကျက်စားရာဒေသအား ပိုမိုထိရောက်စွာ ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ချင်းတွင်းမြစ်အတွင်း စီးဝင်သော နန်းစဖိချောင်း၊ နန်းပဂွန်ချောင်း၊ နန်းစလယ်ချောင်း၊ နန်းလှော်ချောင်း၊ နန်းခွိုက်မိုနန်ချောင်းတို့၏ ရေဝေရေလဲဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ နုန်းအနည်အနှစ်ပို့ချမှုများ၊ ရေတိုက်စားမှုများမှ ကာကွယ်ပေးနိုင်ခြင်း၊ သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ပိုမိုတိုးပွားလာစေခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတု ပိုမိုကောင်းမွန်မျှတလာနိုင်ခြင်းနှင့် ဂေဟစနစ်များ ပိုမိုကောင်းမွန်လာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးတွင် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မကွေး စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အကြိုအဖြစ် "မွန်ထရီရယ် နောက်ဆက်တွဲစာချုပ် ရည်မှန်းချက်အောင်မြင်ဖို့ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး တိုးမြှင့်ဆောင်ရွက်စို့" (Montreal Protocol Advancing Climate Action) ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၀ ရက်က မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အသိပညာပေးဆွေးနွေး**

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် မကွေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးနှင့် မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သဇင်ထွန်းတို့က အိုဇုန်းလွှာပျက်စီးရခြင်းအကြောင်းအရင်းများ၊ အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းသင့်ပုံ၊ အပြည်ပြည်ဆိုင်ရာနှင့် မြန်မာနိုင်ငံမှ အိုဇုန်းလွှာကာကွယ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်နှင့် ရည်ရွယ်ချက်၊ ပြည်သူလူထုကို အိုဇုန်းလွှာကာကွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းများ စသည်တို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**



# မွန်ပြည်နယ်ဝန်ကြီးချုပ် မော်လမြိုင်မြို့ရှိ စာကြည့်တိုက်များသို့ ကွင်းဆင်းကြည့်ရှုပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

မော်လမြိုင် စက်တင်ဘာ ၁၁

မွန်ပြည်နယ်တွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနှင့် ကျောင်းစာကြည့်တိုက်များသို့ ကွင်းဆင်းကြည့်ရှုခဲ့သည်။

## ကြည့်ရှု

ဦးစွာ စမ်းကြီးရပ်ကွက် လင်းရောင်ခြည် စာကြည့်တိုက်ရှိ စာအုပ်စာစောင်များထားရှိမှု၊ စာပေလေ့လာဖတ်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ စာကြည့်တိုက်အတွင်း လေဝင်လေထွက်ကောင်းမွန်မှု၊ စာဖတ်စားပွဲနှင့် ပရိဘောဂပစ္စည်းများ ပြည့်စုံလုံလောက်မှုအခြေအနေများကို ကြည့်ရှုပြီး စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်



ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားရေးနှင့် စာဖတ်သည့်အလေ့အကျင့်များရရှိစေရန် စီစဉ်ဆောင်ရွက်ပေးမှု အခြေအနေများ၊ စာကြည့်တိုက်လုပ်ငန်းအား ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည့် လုပ်ငန်းကိစ္စများကို စာကြည့်တိုက် တာဝန်ခံက ရှင်းလင်းတင်ပြခဲ့မှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့မှ လှူဒါန်းသော စာအုပ် ၅၀ အား ပြည်နယ်ဝန်ကြီးချုပ်နှင့် အလှူရှင်များက ပေးအပ်လှူဒါန်းခဲ့ရာ စာကြည့်တိုက်တာဝန်ခံက လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မော်လမြိုင်မြို့ ကော့ခမယ် အခြေခံပညာ အထက်တန်းကျောင်းစာကြည့်တိုက်၌ ကျောင်းသား ကျောင်းသူလေးများ၏ စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်နေမှု၊ စာပေစကားဝိုင်းဆွေးနွေးနေမှု၊ ပန်းချီကာတွန်းရေးဆွဲနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်များကို လက်ဆောင်ပေး၍ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့မှ လှူဒါန်းသော စာအုပ် ၅၀ အား ပြည်နယ်ဝန်ကြီးချုပ်နှင့် အလှူရှင်များက ကျောင်းစာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ခရိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် မြို့နယ်သမဝါယမ အသင်းစုလီမိတက်၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေးကို စက်တင်ဘာ ၁၀ ရက်က မြို့နယ်သမဝါယမအသင်းစုရုံး၌ ပြုလုပ်ရာ တိုင်းသမဝါယမဦးစီးမှူး ဒေါ်ဥမ္မာမြင့်က မြို့နယ်သမဝါယမ အသင်းစုလီမိတက်များ၏ ရှေ့လုပ်ငန်းစဉ်များအပေါ် ဆောင်ရွက်ရန် အချက်များကို ရှင်းလင်းပြောကြားစဉ်။ တင်ဝင်းတင်

# ပဲခူးမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အကြောင်းသိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

ပဲခူး စက်တင်ဘာ ၁၁

ပဲခူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အကြောင်းသိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါ အသိပညာပေးစကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းက ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းခင်ဆုမွန်က စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အိုဇုန်းလွှာ၏ အဓိပ္ပာယ်၊ အန္တရာယ်ဖြစ်စေသော အိုဇုန်းနှင့် အကျိုးပြုအိုဇုန်းတို့အကြောင်း၊ အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများ၊ အိုဇုန်းလွှာထိခိုက်ပျက်စီးခြင်းကြောင့် ဖြစ်ပေါ်




လာသော ဆိုးကျိုးသက်ရောက်မှုများကို ကာကွယ်ရန်နည်းလမ်းများ၊ အိုဇုန်းလွှာကို ထိခိုက်ပျက်စီးသော ဒြပ်ပစ္စည်းများ၊ အိုဇုန်းလွှာကို ထိခိုက်ပျက်စီးခြင်း၏ ဆိုးကျိုးသက်ရောက်မှုများ၊ အိုဇုန်းလွှာပျက်စီးမှုထိန်းချုပ်ခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများ၊ အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရန်အတွက် လိုက်နာရမည့်နည်းလမ်းများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# သထုံမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲများ ပြုလုပ်

သထုံ စက်တင်ဘာ ၁၁

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ယနေ့နံနက်ပိုင်းက သထုံမြို့ အောက်ကျင်းရပ်ကွက်ရှိ (မူဆာတန်း) အခြေခံပညာ မူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ကျောင်းစာကို ကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

# ဟင်္သာတမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

ဟင်္သာတ စက်တင်ဘာ ၁၁

ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတမြို့နယ်တွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မြသန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များက နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲ တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ဟင်္သာတခရိုင် ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။



အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ ဟင်္သာတခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မြသန်း ဦးဆောင်၍ ခရိုင်ရုံးတပ်ဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၈၄)ယာဉ်ထိန်း တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ယဉ်မင်းသိုက်နှင့် တပ်ဖွဲ့ဝင်များ၊ ရထားရဲတပ်ဖွဲ့ခွဲ(၂၀)မှ ဒုတိယရဲမှူး ရဲမောင်ဦးနှင့် တပ်ဖွဲ့ဝင်များက သွေးအမျိုးအစားများအလိုက် စုပေါင်းသွေးလှူဒါန်းရာ ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ကိုယ်စားခွဲစိတ် အထူးကုဆရာဝန်ကြီး ဒေါက်တာ သန်းဝင်းဇော်နှင့် ခတ်ခွဲခန်းတာဝန်ခံ ဒေါက်တာ ခင်မာသူနှင့် ဝန်ထမ်းများက သွေးပေါင်ချိန်ခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးအမျိုးအစားခွဲခြင်းတို့ ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ နှစ်( ၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၁ ရက်တွင် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကြည်စိန်၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ၊ ဇလွန်မြို့မရဲစခန်းနှင့် ကော့ကပ်နယ်မြေရဲစခန်းတို့မှ အရာရှိနှင့် အခြားအဆင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ အထက(၁)ဇလွန် ကျောင်းဝင်းအတွင်းရှိ မြက်ပင်များ၊ ချုံနွယ်များ၊ သစ်ကိုင်းများ၊ အမှိုက်များ၊ ပလတ်စတစ်အိတ်များ ရှင်းလင်းပြီး အမှိုက်များကို စနစ်တကျ စွန့်ပစ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးစဉ်။

မြို့နယ်(ပြန်/ဆက်)

# ပဲခူးတက္ကသိုလ်၌ ကျောင်းသားများနှင့် လူငယ်များအတွက် ဥပဒေအသိပညာပေးဟောပြောပွဲ ကျင်းပ

ပဲခူး စက်တင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် အခြေခံပညာ/ အဆင့်မြင့်ပညာ ကျောင်းသားများနှင့် လူငယ်များအတွက်ဥပဒေအသိပညာပေးဟောပြောပွဲကို ပဲခူးတက္ကသိုလ်စုဝေးခန်းမ၌ စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်ခဲ့သည်။



### ပြောကြား

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကျောင်းသားလူငယ်များအနေဖြင့် ဥပဒေဘောင်အတွင်း အေးချမ်းစွာနေနိုင်ရေး တရားဥပဒေစိုးမိုးရေးတို့အတွက် ဥပဒေအသိရှိသူများ၊ ပညာတတ်လူငယ်များ ပေါ်ထွန်းလာစေရေး ဟောပြောမှုများကို အလေးထားမှတ်သားကြရန်နှင့် "ဥပဒေဘောင်အတွင်း နေထိုင်ခြင်း၊ ဘေးကင်းရန်ကွာ ပြည်သာယာ" ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ကျင့်ကြံနေထိုင်သူများ ဖြစ်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ရုံးအဖွဲ့မှူး ဦးကျော်နန္ဒနှင့် ဒုတိယတိုင်းဥပဒေအရာရှိ ဒေါ်မို့မို့ဝင်းရွှေတို့က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှ သိမှတ်ဖွယ်ရာများ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေမှ သိမှတ်ဖွယ်ရာများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေမှ သိမှတ်ဖွယ်ရာများ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေမှ သိမှတ်ဖွယ်ရာများနှင့် လောင်းကစားဥပဒေမှ သိမှတ်ဖွယ်ရာများအား ရှင်းလင်းဟောပြောခဲ့ကြသည်။

အဆိုပါ အခြေခံပညာ/ အဆင့်မြင့်ပညာ ကျောင်းသားများနှင့် လူငယ်များအတွက် ဥပဒေအသိပညာပေးဟောပြောပွဲကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ကျောင်းသားလူငယ်များ မိမိတို့နိုင်ငံ၌ ပြဋ္ဌာန်းကျင့်သုံးနေသည့်ဥပဒေများကို သိရှိနားလည်ပြီး ရှောင်ရှားသင့်သည့် အလေ့အကျင့်၊ အမူအကျင့်များ လိုက်နာဆောင်ရွက်ကြရမည့်အချက်များကို လူငယ်ဘဝကတည်းက သိရှိပြီး စည်းကမ်းရှိသည့် လူငယ်လူရွယ်များဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

### အလှူငွေများ ပေးအပ်

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ကလျာဏီရပ်ကွက်ရှိ သက္ကရာဇ် ၈၃၃ ခုနှစ်တွင် ဓမ္မစေတီမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သည့် ရှေးဟောင်းသမိုင်းဝင်ရွှေဂူလေးစေတီတော်မြတ်အား သွားရောက်ဖူးမြော်ခဲ့ပြီး ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် စက်တင်ဘာ ၉ ရက် ညနေပိုင်းက မိုးကြိုးထိမှန်ခဲ့သည့် စေတီတော်ကြီး၏ ကိုယ်လုံးတော်နှင့် စေတီတော်ကြီး၏ လိုင်ဂူတော်အတွင်း ထိခိုက်မှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကြံ့ခိုင်မှုရှိစေရန် ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပညာရှင်များနှင့် ပြန်လည်စစ်ဆေးပြင်ဆင်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပေါင်မြို့နယ်၌ နွားမေထုန်မဲ့သားစပ်သင်တန်းဖွင့်

ပေါင် စက်တင်ဘာ ၁၁

မွန်ပြည်နယ် ပေါင်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ စီစဉ်ဖွင့်လှစ်သည့် နွားမေထုန်မဲ့သားစပ်သင်တန်းအမှတ်စဉ် (၂/၂၀၂၄ / မွန်) ဖွင့်ပွဲအခမ်းအနားကို ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ သထုံခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသက်နိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်ဂျူးမြတ်ချယ်လင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးကျော်စွာလှိုင်တို့က အမှာစကား ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ၅ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ပေါင်မြို့နယ်အတွင်းရှိ အခြေခံကျန်းမာရေးလုပ်သား (CAHW) ၁၀ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

# မိတ္ထီလာမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၁၁

ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို မိတ္ထီလာမြို့လူထုအခြေပြုဗဟိုဌာန၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။



ဦးစွာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲအား ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ပြိုင်ပွဲဝင် ၁၈ ဦးက မွန်ထရီရယ်နောက်ဆက်တွဲစာချုပ် ရည်မှန်းချက်အောင်မြင်ဖို့ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး တိုးမြှင့်ဆောင်ရွက်စို့ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲဝင်ကျောင်းသားကျောင်းသူများ၏ ပါဝင်ယှဉ်ပြိုင်မှုအား ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်နှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ( မိတ္ထီလာ)**



နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုနိုင် ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှူး ဒုရဲမှူး မြတ်မင်းသူနှင့်တပ်ဖွဲ့ဝင်များက ပေါက်ခေါင်းမြို့ ပညာဇောတရုံဘုန်းတော်ကြီးကျောင်းနှင့် ရှင်ဥပဂုတ္တကန်တွင် သန့်ရှင်းသာယာရေးအတွက် ပေါင်းမြက်များ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း ဆောင်ရွက်စဉ်။ သန်းထွန်းအောင်(ပြန်/ဆက်)

နှစ် (၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၁၁ ရက် နံနက် ၇ နာရီတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်မိုး၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များက ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်းတို့ကို စုပေါင်းဆောင်ရွက်စဉ်။ အောင်သူ(ပြန်/ဆက်)





# ရန်ကုန်အနောက်ပိုင်းခရိုင်၌ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ်ဟောပြောပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (ကမ္ဘာ့ဆေးရွက်ကြီးမသုံးစွဲသောနေ့) အထိမ်းအမှတ်ဆွေးနွေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာန (ဗဟန်း) ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က ဆွေးနွေးပွဲကျင်းပရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် အီးစီးကရက်နှင့် လူငယ်အကြောင်း ခေါင်းစဉ်ဖြင့် ပါမောက္ခဒေါက်တာ မြင့်ဟန်က ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက ဆွေးနွေးခြင်း၊ အမေးအဖြေများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

❖ **MNL-2 (ပထမတန်း)ပြိုင်ပွဲမှ**

တိုက်စစ်မှူး အက်စ်ဝွန်လမ်က ၂၀၊ ၄၀၊ ၈၆ မိနစ်တွင် ဟက်ထရစ်သွင်းယူပြီး ငွေကြယ်ပွင့်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၂၃ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ကျော်ဇေယျက သွင်းယူခဲ့သည်။ ပွဲစဉ် (၇) မှ Chinland အသင်းနှင့် Glory Goal အသင်းပွဲကို ရွှေ့ဆိုင်းထားသည်။

စက်တင်ဘာ ၁၁ ရက်ပွဲစဉ်အပြီးတွင် ရာမညယူနိုက်တက်အသင်းက ရမှတ် ၁၇ မှတ်ဖြင့် ရာသီဝက်ချန်ပီယံဖြစ်ခဲ့ပြီး တက္ကသိုလ်အသင်းက ၁၆ မှတ်၊ Chinland အသင်းက ၁၂ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၁၀ မှတ်၊ Glory Goal အသင်းက ရှစ်မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက ခုနစ်မှတ်၊ ငွေကြယ်ပွင့်အသင်းက ငါးမှတ်၊ ရောဝတီရိန်းဂျားအသင်းက တစ်မှတ်ရရှိထားသည်။ Chinland နှင့် Glory Goal အသင်းမှာ ခြောက်ပွဲစီသာကစားရသေးပြီး ကျန်ခြောက်သင်းမှာမူ ပထမအကျော့ ပွဲကုန်ခုနစ်ပွဲစလုံး ကစားထားပြီးဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ရမည်းသင်းနှင့် အင်ကျင်းကန်ဘူတာအကြား ရထားလမ်းနှင့် တံတားများရေတိုက်စားမှုကိုတွေ့ရစဉ်။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ရှမ်းရွာနှင့် ရမည်းသင်းဘူတာအကြား ရေတိုက်စားမှုကြောင့် တံတားအမှတ်(၅၂၉) LST ဒေါက်တိုင်ပြုတ်ထွက်မှုကိုတွေ့ရစဉ်။



ရန်ကုန် - မန္တလေးရထားလမ်းပိုင်း ရွှေဒါး- ပျော်ဘွယ်ဘူတာအကြားနှင့် ပျော်ဘွယ်ဘူတာရထားလမ်း ရေကျော်မှုကိုတွေ့ရစဉ်။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ရှမ်းရွာနှင့် ပျော်ဘွယ်ဘူတာအကြား ရထားလမ်းတာပေါင်များရေတိုက်စားပြီး ထူးပေါက်မှုကိုတွေ့ရစဉ်။

○ ကျောဖုံးမှ

အဆိုပါ ရေကြီးရေလျှံမှုကြောင့် ယာယီရပ်နားခဲ့သည့် ရထားများမှာ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် အမှတ်(၁)အဆန်၊ အမှတ်(၂)အစုန်၊ အမှတ်(၁၁)အဆန်နှင့် အမှတ်(၁၂) အစုန် ရထားများ၊ သာစည်-ရွှေညောင်လမ်းပိုင်းတွင် အမှတ်(၁၄၁)အဆန်နှင့် အမှတ်(၁၄၂) အစုန်ရထားများဖြစ်သည်။



ရွှေညောင် - တောင်ကြီးလမ်းပိုင်း ထီသိမ်-ပေါမူဘူတာအကြား တာပေါင် ရေတိုက်စားမှုကိုတွေ့ရစဉ်။



ရန်ကုန်-မန္တလေး အမှတ်(၁၁)အဆန် လူစီးအမြန်ရထားစီးခရီးသည်များအား နေပြည်တော်ဘူတာမှ မန္တလေးသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးနေစဉ်။

မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်း မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း သာစည်မြို့နယ် ရှမ်းရွာဘူတာယာဒ်ဝင်းနှင့် ရှမ်းရွာ-ပျော်ဘွယ်လမ်းပိုင်းအတွင်း ခုနစ်နေရာတို့တွင် သံလမ်းပေါ်ရေကျော်ခြင်းနှင့် ရထားလမ်းတာပေါင် ထူးပေါက်ခြင်း၊ ရှမ်းရွာနှင့် ရမည်းသင်းဘူတာအကြား ရှစ်နေရာတို့၌ ရထားလမ်း ရေတိုက်စားခြင်း၊ တံတားအမှတ်(၅၁၅) အဆန်လမ်းစွန်းခံနေရာ ရေတိုက်စားခြင်း၊ တံတားအမှတ် (၅၂၉)ဒေါက်တိုင်ပြုတ်ထွက်ခြင်းနှင့် မန္တလေးဘက်ခြမ်းတံတားရေတိုက်စားခြင်း၊ တပ်ကုန်း-မကျည်းပင်ဘူတာအကြား၊ မကျည်းပင်-ညောင်လွန့်ဘူတာအကြားနှင့် ညောင်လွန့်ဘူတာ ယာဒ်ဝင်းအတွင်း ရထားလမ်းပေါ် ရေကျော်နေခြင်း၊ ရမည်းသင်း-အင်ကြင်းကန်ဘူတာအကြား ရထားလမ်းတာပေါင် ထူးပေါက်ခြင်းတို့အပြင် ဝမ်းတွင်းမြို့နယ် သပြေတောင်း-သဲတောဘူတာအကြား တံတားအမှတ်(၆၉၁) အစုန်/အဆန် တံတားများ၏အောက်ခြေရေထိရန် ကိုးပေနှစ်လက်မခန့်သာလိုတော့သဖြင့် ရထားဖြတ်သန်းရန် အန္တရာယ်ရှိနိုင်ခြင်းနှင့် သာစည်-ရွှေညောင်လမ်းပိုင်းအတွင်း သာစည်-လှိုင်းတက်ဘူတာအကြား တံတားအမှတ် (၃၀)၊ လှိုင်းတက် - ဘုရားငါးဆူဘူတာအကြား တံတားအမှတ်(၃၄)နှင့် (၃၅) တို့၏ တံတားတာပေါင်များ ရေတိုက်စားနေခြင်း၊ ဘုရားငါးဆူ-ယင်းမာပင်ဘူတာအကြား တံတားအမှတ် (၄၈)၏ ရွှေညောင်ဘက်ကမ်းကပ်ခုံ ရေတိုက်စားခြင်းနှင့် ရထားလမ်းတာပေါင်အား ရေတိုက်စားနေခြင်း၊ ကလော-မြင်းဒိုက်ဘူတာအကြား ခြောက်နေရာတွင် ရထားသံလမ်းပေါ်ရေကျော်နေခြင်း၊ အောင်ပန်းဘူတာယာဒ်ဝင်းအတွင်း သံလမ်းမျက်နှာပြင်အထက် ၁၀ လက်မခန့် ရေကျော်နေခြင်းတို့ကြောင့် ယနေ့နံနက်ပိုင်းမှစတင်၍ ရထားလမ်းပိုင်းများအား ယာယီပိတ်သိမ်းခဲ့ရသည်။ ထို့အတူ တောင်ကြီးမြို့နယ်အတွင်း စက်တင်ဘာ ၉ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွှေညောင်-တောင်ကြီးလမ်းပိုင်း ထီသိမ်-ပေါမူဘူတာအကြား တောင်ကြီးမြို့သို့ ရေပေးဝေသည့် ထီသိမ်ကန်မှ ရေများလျှံပြီး ရထားလမ်းတူးမြောင်း တာပေါင် ရေတိုက်စားမှုကြောင့် တာပေါင်ပြိုကျပြီး ရထားလမ်း ပိတ်ဆို့ခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

ရထားလမ်းပိုင်း ပိတ်သိမ်းမှုကြောင့် ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်မှ ပုံမှန်ထွက်ခွာလာသည့် အမှတ်(၁၁)အဆန် ရထားသည် နေပြည်တော်ဘူတာသို့ ယနေ့ညနေ ၅ နာရီ ၂၂ မိနစ်တွင် ရောက်ရှိပြီး ရထားဖြင့်လိုက်ပါလာသည့် ခရီးသည် ၁၁၈ ဦးအား နေပြည်တော်ဘူတာမှတစ်ဆင့် မန္တလေးသို့ မော်တော်ယာဉ်သုံးစီးဖြင့် ညနေ ၆ နာရီတွင် ဆက်လက်ပို့ဆောင်ပေးခဲ့သည်။

ရထားလမ်းပိုင်းအတွင်း ရေကြီးရေလျှံမှုနှင့် တံတားများ ရေထိုးမှုများ ဖြစ်ပေါ်လျက်ရှိပြီး ရေကျသွားသည့်အချိန်တွင် ရထားလမ်း မြေသားတာပေါင်နှင့် တံတားများအား အသေးစိတ် ကြည့်ရှုစစ်ဆေးပြီး ကြံ့ခိုင်ရေးလုပ်ငန်းများအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရထားလမ်းပိုင်းနှင့် တံတားများ စစ်ဆေးပြုပြင်ပြီးပါက ရထားများ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်းစဉ်**

# မြန်မာ့ခရီးသွားဘဏ်နှင့် မြန်မာနိုင်ငံအကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာ့ခရီးသွားဘဏ် (MTB) နှင့် မြန်မာနိုင်ငံ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (Myanmar Customs Brokers Association – MCBA) တို့ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခဲ့ကြောင်း Myanma Tourism Bank မှ သိရသည်။

စက်တင်ဘာ ၁၁ ရက်တွင် ဆူးလေလမ်းမကြီးပေါ်ရှိ မြန်မာ့ခရီးသွားဘဏ်(ရုံးချုပ်)၌ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ကြောင်း အဆိုပါဘဏ်မှ အသိပေးကြေညာထားသည်။

## သဘောတူညီမှုလက်မှတ်ရေးထိုး

မြန်မာ့ခရီးသွားဘဏ်(MTB)၏ CEO ဦးဝင်းလှိုင်နှင့် မြန်မာနိုင်ငံအကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MCBA) ၏ ဥက္ကဋ္ဌ ဦးမင်းထွန်းမြင့်တို့က သဘောတူညီမှုလက်မှတ်ရေးထိုးခဲ့ကြပြီး မြန်မာ့ခရီးသွားဘဏ် Executive Director ဒေါ်သီရိလင်းနှင့် မြန်မာနိုင်ငံအကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သီရိ




ဌေးတို့က အသိသက်သေများအဖြစ် အောင်မြင်စွာ လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာ့ခရီးသွားဘဏ် (Myanma Tourism Bank) နှင့် မြန်မာနိုင်ငံအကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (Myanmar Customs Brokers Association – MCBA) တို့သည် နိုင်ငံအတွင်း အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ပိုမိုမြင့်တင်နိုင်ရန်၊ နိုင်ငံတကာအကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းအသင်းအဖွဲ့များနှင့် ဆက်သွယ်ပူးပေါင်းကာ အတွေ့အကြုံ၊ နည်းပညာများရရှိပြန့်ပွားစေရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် နီးနီးနှောဖလှယ်ဆောင်ရွက်ရေးတို့တွင် မြန်မာ့ခရီးသွားဘဏ်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍအသီးသီးတို့တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အထူးသဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ကူညီရန်၊ ငွေကြေးအထောက်အပံ့များ ဖန်တီးပြီး မြန်မာနိုင်ငံအကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးကိစ္စရပ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း Myanma Tourism Bank က အသိပေးထုတ်ပြန်ထားသည်။

MT



# မအူပင်မြို့၌ အခြေခံစက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲ ကျင်းပ

မအူပင် စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မီးသွေးချောင်းကျေးရွာအုပ်စု လယ်ကိုင်းကျေးရွာတွင် မအူပင်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက လယ်ကိုင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ မအူပင်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စီမံကိန်းအဖွဲ့ခေါင်းဆောင် ဒေါ်သိန်းသိန်းဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ လယ်ကိုင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးပိုင်လင်းက ကျေးဇူးတင်စကားပြောကြားသည်။

## သင်ကြားပို့ချပေးမည်

အဆိုပါအခြေခံစက်ချုပ်နည်းပညာသင်တန်းကို သင်တန်းသား ၁၀ ဦးဖြင့် စက်တင်ဘာ ၁၁ ရက်မှ အောက်တိုဘာ ၁၀ ရက်ထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး ထူးချွန်သင်တန်းသား ငါးဦးအား ပစ္စည်းအစုံဖြင့် လုပ်ငန်းများထူထောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

# ချောင်းဆုံမြို့နယ်၌ နွားမေထုန်မှဲ့ သားစပ်သင်တန်းဖွင့်

ချောင်းဆုံ စက်တင်ဘာ ၁၁

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဖွင့်လှစ်သည့် နွားမေထုန်မှဲ့ သားစပ် သင်တန်း(၃/၂၀၂၄) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ချောင်းဆုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက အဖွင့်



အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးချမ်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မြို့နယ်(မွေး/ကု)ဦးစီးမှူး ဒေါက်တာနွဲ့နွဲ့ရီက ဌာန၏ဆောင်ရွက်နေသောလုပ်ငန်းများအကြောင်းကို ပြောကြားသည်။

အဆိုပါသင်တန်းတွင် ခရိုင်/မြို့နယ်(မွေး/ကု) ဌာနမှ တာဝန်ရှိသူများက သားစပ်ခြင်းဆိုင်ရာ နည်းလမ်းများမေထုန်မှဲ့သားစပ်လုပ်ငန်းသမိုင်း၊ တိရစ္ဆာန်ကိုင်တွယ်ထိန်းချုပ်ခြင်း၊ မျိုးပွားမှုဆိုင်ရာရောဂါများစသည့်သင်ခန်းစာများကို စက်တင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ငါးရက်ကြာ စာတွေ့/လက်တွေ့ ဖွင့်လှစ်မည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ နွားမွေးမြူရေးလုပ်ငန်းရှင် ၁၀ ဦးတို့ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# မင်းလှမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အသိပညာပေးဟောပြော

မင်းလှ စက်တင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအောင်မြင်စွာကောက်ယူနိုင်ရေး ကြိုတင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွဋ်က အမှာစကား ပြောကြားပြီး အတွင်းရေးမှူး မြို့နယ်လဝကဦးစီးမှူး ဦးအောင်ကြည်ဦးက သန်းခေါင်စာရင်းကောက်ယူနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် သန်းခေါင်စာရင်းနှင့်ပတ်သက်သောအသိပညာပေး ဟောပြောဆွေးနွေးသည်။ ဆက်လက်၍တက်ရောက်လာကြသည့် မြို့နယ်ကော်မတီဝင်များနှင့် ရပ်/ကျေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်စီမံအုပ်ချုပ်ရေး



အဖွဲ့ဥက္ကဋ္ဌက ပေါင်းစပ်ဆွေးနွေးသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်ဦးက သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌထံ ပြည်သူများသို့ ပေးပို့မည့်အကြောင်းကြားစာနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းပေးအပ်သည်။

မြို့နယ်(ပြန်/ဆက်)



# ရေတာရှည်မြို့နယ်၌ ကျန်းမာရေးအသိပညာပေး ဟောပြော

ရေတာရှည် စက်တင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ကျန်းမာရေးအသိပညာပေးဆွေးနွေးဟောပြောပွဲကို မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ယမန်နေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဆွေးနွေးဟောပြောပွဲတွင် ရေတာရှည်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ နန္ဒာညီဆွေက Mpox မျောက်ကျောက်ရောဂါအကြောင်း သိကောင်းစရာများ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်အကြောင်း သိကောင်းစရာ၊ မကူးစက်တတ်သော ရောဂါများဖြစ်သည့် သွေးတိုးရောဂါနှင့် ဆီးချိုသွေးချိုရောဂါအကြောင်း သိကောင်းစရာများနှင့် ဆောင်ရန် ရှောင်ရန်များကို ဆွေးနွေးဟောပြောရာ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အမေရိကန်ဒုတိယသမ္မတ ကင်မလာဟဲရစ်နှင့် သမ္မတဟောင်း ဒေါ်နယ်ထရမ့်တို့ စကားစစ်ထိုးပွဲ ကျင်းပ




ဝါရှင်တန် စက်တင်ဘာ ၁၁

အမေရိကန်ဒုတိယသမ္မတ ကင်မလာ ဟဲရစ်နှင့် သမ္မတဟောင်း ဒေါ်နယ်ထရမ့်တို့ ဖီလာဒဲလ်ဖီးယား မြို့၌ စက်တင်ဘာ ၁၀ ရက်တွင် ကျင်းပသည့် အမေရိကန် သမ္မတရွေးကောက်ပွဲဆိုင်ရာ စကားစစ်ထိုးပွဲ၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါစကားစစ်ထိုးပွဲကို ABC News က ဦးစီးကျင်းပခဲ့ပြီး မိနစ် ၉၀ ကျော်ကြာ စကားစစ်ထိုးပွဲအတွင်း ၎င်းတို့နှစ်ဦးက နိုင်ငံ၏ စီးပွားရေး၊ ကိုယ်ဝန်ဖျက်ချမှု၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမေရိကန်နိုင်ငံခြားရေးမူဝါဒများ အပါအဝင် အဓိကပြဿနာများကို ကိုယ်ပိုင်ရှုထောင့် သဘောထားများဖြင့် သုံးသပ်တင်ပြခဲ့သည်။

ထို့ပြင် နိုင်ငံ့စီးပွားရေး ပိုမိုတိုးတက်မှုရှိစေရန်နှင့် လူနေမှုစရိတ်များ လျှော့ချရန် အစီအစဉ်များကို ၎င်းတို့နှစ်ဦးက မည်သို့ကိုင်တွယ်ဖြေရှင်းမည်လဲဆိုသည်ကို ပြည်သူများအား ပြောကြားခဲ့သည်။

အိမ်ရာများကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်စေရန်နှင့် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများကို ဖန်တီးတည်ဆောက်မည်ဟု ဟဲရစ်က ကတိပြုခဲ့သည်။

သမ္မတဟောင်းထရမ့်က အခြားနိုင်ငံများကို အခွန်စည်းကြပ်မည်ဟုပြောပြီး ဂျိုးဘိုင်ဒင်– ဟဲရစ် အုပ်ချုပ်ရေး အောက်တွင် ဖြစ်ပွားလျက်ရှိသည့် မြင့်မားသောငွေကြေးဖောင်းပွမှုနှုန်းကိုလည်း ဝေဖန်ပြောကြားခဲ့သည်။

အဆိုပါ စကားစစ်ထိုးပွဲသည် ဇွန်လတွင် ဘိုင်ဒင်နှင့် ထရမ့်တို့ကြား ပထမအကြိမ် စကားစစ်ထိုးပွဲကျင်းပပြီးနောက် လာမည့်ရွေးကောက်ပွဲအတွက် ဒုတိယအကြိမ်မြောက် သမ္မတရွေးကောက်ပွဲဆိုင်ရာ စကားစစ်ထိုးပွဲဖြစ်သည်။ ဂျိုးဘိုင်ဒင်သည် ၎င်း၏ အသက်အရွယ်၊ ကျန်းမာရေးနှင့် အခြေအတင် စွမ်းဆောင်ရည်အပေါ် စိုးရိမ်မှုများကြောင့် ဇူလိုင်လတွင် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခြင်းမှ နုတ်ထွက်ခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# အာဖရိကသမဂ္ဂအား လီယိုတော်စတွိုင်း အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးဆု ပေးအပ်

မော်စကို စက်တင်ဘာ ၁၁

အာဖရိကသမဂ္ဂအား ရုရှားနိုင်ငံရှိ လီယိုတော်စတွိုင်း အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးဆုပေးအပ်ရေးအကဲဖြတ်အဖွဲ့က လီယိုတော်စတွိုင်း အပြည်ပြည် ဆိုင်ရာ ငြိမ်းချမ်းရေးဆုကို ပေးအပ်ခဲ့ကြောင်း ယနေ့ စပွတ်ညစ်သတင်းအရ သိရသည်။

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးဆုပေးအပ်ပွဲအခမ်းအနားကို မော်စကိုမြို့ရှိ ဘော်ရှိုင်းပြဇာတ်ရုံ၌ စက်တင်ဘာ ၉ ရက်တွင် ကျင်းပခဲ့သည်။

အာဖရိကသမဂ္ဂသည် ကမ္ဘာ့ငြိမ်းချမ်းရေး ခိုင်မာစေရန်၊ ကမ္ဘာပေါ်ရှိ နိုင်ငံများ၌ လက်နက်ဆိုင်ရာပြိုင်ဆိုင်မှုများကိုတားဆီးရန်၊ တတိယကမ္ဘာစစ်ဖြစ်ပွားလာနိုင်သည့် အခြေအနေများကို တားဆီးရန် သိသာထင်ရှားစွာ ကြိုးပမ်းအားထုတ်နိုင်ခဲ့သောကြောင့် ယခုကဲ့သို့ လီယိုတော်စတွိုင်း အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးဆုကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ဆုရွေးချယ်ရေးဆိုင်ရာ တာဝန်ရှိသူများက မှတ်ချက်ပြုပြောကြားသည်။

အဆိုပါ ငြိမ်းချမ်းရေးဆုအား လီယိုတော်စတွိုင်း အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးဆုပေးအပ်ရေး အကဲဖြတ်အဖွဲ့ အကြီးအကဲ ဗယ်လာရီဂါဂေ့ဗ်က ပေးအပ်ချီးမြှင့်ခဲ့သည်။

**ကိုးကား– စပွတ်ညစ်**
**ဘာသာပြန်–စိုးသူရ**



# အာဖရိကဒေသရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆန်းသစ်တီထွင်မှုမြှင့်တင်ရန် အာဖရိကသမဂ္ဂတောင်းဆို

ဝင်းဒေါ့ခ် စက်တင်ဘာ ၁၁

အာဖရိကဒေသ လွတ်လပ်သောကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်အရ ဆန်းသစ်တီထွင်မှုများကို မြှင့်တင်ရန် အာဖရိကဒေသရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အာဖရိကသမဂ္ဂက တောင်းဆိုခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

စက်တင်ဘာ ၉ ရက်မှ ၁၂ ရက်အထိ ကျင်းပသည့် တတိယအကြိမ်မြောက် အာဖရိကသမဂ္ဂ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းဆိုင်ရာဖိုရမ်တွင် အာဖရိကသမဂ္ဂ တာဝန်ရှိသူ အဲဘတ်မြူချန်ဂါက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ နမီးဘီးယားနိုင်ငံ ဝင်းဒေါ့ခ်မြို့တွင် ကျင်းပသည့် အဆိုပါ ဖိုရမ်တွင် အာဖရိကဒေသရှိ လုပ်ငန်းရှင်များအား အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်ရန်နှင့် အာဖရိကလွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်အရ ရရှိလာသည့် အခွင့်အလမ်းများကို အသုံးချရန် ၎င်းက တိုက်တွန်းခဲ့သည်။ တရုတ်နိုင်ငံတွင် ဈေးကွက်ဖွင့်လှစ်ခြင်းအပါအဝင် အဓိကကမ္ဘာ့စီးပွားရေး ဈေးကွက်များတွင် ရရှိလာမည့် ဈေးကွက်ဆိုင်ရာ အခွင့်အလမ်းများကို အသုံးချရန် အာဖရိကဒေသမှ MSME များကို ၎င်းက တိုက်တွန်းခဲ့သည်။

ဆန်းသစ်တီထွင်မှု မြှင့်တင်ရန် နှင့် လုပ်ငန်းချဲ့ထွင်ရန်အတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် အာဖရိကဒေသမှ MSME များအား ၎င်းက တောင်းဆိုခဲ့သည်။ ယခု ကျင်းပသည့် ဖိုရမ်သည် အာဖရိကဒေသရှိ MSME လုပ်ငန်းများအတွက် စွမ်းရည်မြှင့်တင်ရေးနှင့် ကွန်ရက်ချိတ်ဆက်ခြင်းအတွက် အရေးပါသော ပလက်ဖောင်းတစ်ခုဖြစ်လာကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# လာအိုနိုင်ငံမြောက်ပိုင်းဒေသများ၌ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပွား၊ အပျက်အစီးနှင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်

ဗီယင်ကျန်း စက်တင်ဘာ ၁၁

လာအိုနိုင်ငံ မြောက်ပိုင်းဒေသများ၌ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ အပျက်အစီးနှင့် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အပူပိုင်းမုန်တိုင်း ရာဂိဝင်ရောက်မှုကြောင့် နိုင်ငံတစ်ဝန်း၌ မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး နိုင်ငံ၏ မြောက်ပိုင်းပြည်နယ်များသည် ရေကြီးရေလျှံမှုဒဏ်ကို အဆိုးရွားဆုံး ခံစားခဲ့ရသည်။

လွမ်နမ်သာဒေသ၌ နေအိမ်များ ပျက်စီးကာ ပစ္စည်းများ ဆုံးရှုံးခဲ့သည်။ ဒေသခံပြည်သူများမှာ ရေဘေးမှလွတ်မြောက်ရန် အိမ်ခေါင်မိုးများပေါ်တွင် ခိုလှုံနေကြရသည်။

လမ်းမများ၊ ဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့် ရေပေးဝေမှုကဲ့သို့သော မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများ ပြတ်တောက်သွားကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

ပြည်သူများ၏ အိုးအိမ်၊ စိုက်ပျိုးမြေများနှင့် ပိုင်ဆိုင်မှုများ ဆိုးရွားစွာ ထိခိုက်ပျက်စီးခဲ့ပြီး ပြည်သူများ၏ နေ့စဉ်ဘဝကို ထိခိုက်စေခဲ့သည်။

အရေးပေါ် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန်နှင့် ၎င်းတို့ဘေးကင်းစေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

အချို့နေရာများတွင် ရေပမာဏ အနည်းငယ် လျော့ကျသွားသော်လည်း မိုးရွာသွန်းမှုမှာ ဆက်လက်ဖြစ်ပေါ်နေပြီး ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။

လွမ်ပရာဘန်း၊ အူဒမ်ဆေး၊ ဇိုင်းဝန်နှင့် ဘိုကီယိုဒေသတို့တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။ ပြင်းထန်သော ရေကြီးရေလျှံမှုကို တုံ့ပြန်သည့်အနေဖြင့် လာအိုအာဏာပိုင်များက ရေဘေးသင့်မိသားစုများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိသည်။

မဲခေါင်မြစ်ရေသည် ယမန်နေ့က ၁၇ ဒသမ ၅၀ မီတာသို့ ရောက်ရှိခဲ့ပြီး စိုးရိမ်ရေမှတ် ၁၈ မီတာသို့ ရောက်လုနီးပါးဖြစ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ပြောကြားသည်။

မြစ်များတစ်လျှောက် နေထိုင်သူများအား ၎င်းတို့၏ မရှိမဖြစ်လိုအပ်သော ပစ္စည်းများနှင့် တိရစ္ဆာန်များကို ပိုမိုမြင့်မားပြီး ဘေးကင်းသော ဒေသများသို့ အမြန်ပြောင်းရွှေ့ရန် အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဩစတြေးလျနိုင်ငံ၌ ကလေးများအား ဆိုရှယ်မီဒီယာများ သုံးစွဲခွင့်ပိတ်ပင်သည့် ဥပဒေပြဋ္ဌာန်းမည်

ဆစ်ဒနီ စက်တင်ဘာ ၁၁

ဩစတြေးလျနိုင်ငံ၌ ကလေးများအား ဆိုရှယ်မီဒီယာများ သုံးစွဲခွင့်ပိတ်ပင်သည့် ဥပဒေတစ်ရပ်ကို ယခုနှစ်ကုန်ပိုင်းတွင် ပြဋ္ဌာန်းမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အန်ထော်နီအယ်လ်ဘားနိစ်က ပြောကြားခဲ့သည်ဟု ယနေ့ကျူံဒိုနယူးစ်သတင်းတစ်ရပ်အရ သိရသည်။

ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ထိခိုက်မည့်အရေးကို ကာကွယ်သည့်အနေဖြင့် ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြစ်သည်။ ဆိုရှယ်မီဒီယာ သုံးစွဲခွင့် ပိတ်ပင်မည့် အသက်အပိုင်းအခြားကို လာမည့်လများအတွင်း သုံးသပ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဩစတြေးလျ အသံလွှင့်ကော်ပိုရေးရှင်းအား ပြောကြားခဲ့သည်။

ဆိုရှယ်မီဒီယာများသည် ကလေးများဖွံ့ဖြိုးတိုးတက်ရေးအတွက် အနှောင့်အယှက်ဖြစ်နေပြီး ကလေးများအား လက်တွေ့လူနေမှုဘဝနှင့် ကင်းကွာစေကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။ ကလေးများအား ဆိုရှယ်မီဒီယာ သုံးစွဲခွင့်ပိတ်ပင်ခြင်းထက် မိဘအုပ်ထိန်းသူများ၏ ထိန်းကျောင်းပဲ့ကိုင်မှုဖြင့် စနစ်တကျသုံးစွဲစေသင့်ကြောင်း ဖေ့စ်ဘွတ်၏ မိခင်ကုမ္ပဏီ မီတာက ပြောကြားသည်။

လက်ရှိအချိန်တွင် ပြင်သစ်နှင့်ဗြိတိန်ကဲ့သို့သော နိုင်ငံများတွင် ဆိုရှယ်မီဒီယာသုံးစွဲခြင်းကို အသက်အရွယ်ဖြင့် ကန့်သတ်ရန် တာဝန်ရှိသူများက ဆောင်ရွက်နေသည်။

**ကိုးကား–ကျူံဒိုနယူးစ်**
**ဘာသာပြန်–စိုးသူရ**

# လောင်းလုံမြို့နယ်ရှိ ကျေးရွာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ်များမီးရှို့ဖျက်ဆီးကာ အဖိုးတန်ပစ္စည်းများ ယူဆောင်သွားကြောင်း လုပ်ကြံရေးသားဝါဒဖြန့်ဝေနေ

**နေပြည်တော် စက်တင်ဘာ ၁၁**

တနင်္သာရီတိုင်း ဒေသကြီး လောင်းလုံမြို့နယ်ရှိ သဘော့ဆိပ်ကျေးရွာနှင့် ပြင်ကြီးကျေးရွာတို့ကို စက်တင်ဘာ ၁၀ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်းပြီး နေအိမ် ခြောက်လုံးကို မီးရှို့ဖျက်ဆီးခြင်းနှင့် အဖိုးတန်ပစ္စည်းများကို ယူဆောင်သွားခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

**မှန်ကန်မှုမရှိ**

အဆိုပါ သတင်းနှင့်ပတ်သက်၍ လောင်းလုံမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သဘော့ဆိပ်ကျေးရွာနှင့် ပြင်ကြီးကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခြင်းနှင့် အဖိုးတန်ပစ္စည်းများကို ယူဆောင်သွားသည်မှာ မှန်ကန်မှု




မရှိကြောင်းနှင့် PDF အမည်ခံ အကြမ်းဖက် သမားများက လောင်းလုံမြို့နယ်ရှိ ကျေးရွာအချို့ကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို အဓမ္မယူဆောင်နေသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းတပ်မြို့တွင် အမျိုးသား သုံးဦးထက်မနည်း ဖမ်းဆီးခံရဟု မဟုတ်မမှန်သတင်းများရေးသားဖြန့်ဝေ

**နေပြည်တော် စက်တင်ဘာ ၁၁**

ချင်းပြည်နယ် မင်းတပ်မြို့တွင် စက်တင်ဘာ ၇ ရက် တစ်ရက်တည်းတွင် အရပ်သား သုံးဦးထက်မနည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မင်းတပ်မြို့အတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်ခြင်း၊ ရှောင်တခင် စစ်ဆေးခြင်းနှင့် လှည့်ကင်း/ပတ်ကင်းများကို မင်းတပ်မြို့မှ တာဝန်သိပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း၊ စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြုပြဋ္ဌာန်းထားပြီး သက်ဆိုင်ရာအဖွဲ့အစည်းများက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက မင်းတပ်မြို့အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ သတင်းအမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Smill Smill” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက်နေ သီဟဇော်အား ည ၆ နာရီ ၃၅ မိနစ်တွင် စက်မှုနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင် သစ်နှင့် ယာဉ်၊ ယန္တရားများသိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂ ရက်မှ စက်တင်ဘာ ၈ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၇ ဒသမ ၁၅၇၄ တန်၊ သစ်မာ ၁၆ ဒသမ ၄၄၁၆ တန်၊ အခြား ၁၀ ဒသမ ၃၅၄၄ တန် စုစုပေါင်း ၄၃ ဒသမ ၉၁၃၄ တန်၊ ယာဉ်/ယန္တရား ၁၃ စီး၊ တရားခံ ၁၄ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၉-၂၀၂၄ ကြာသပတေးနေ့

### MRTV HD

- **၀၆:၀၀** အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခန္ဓပရိတ်တော်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** မြန်မာနိုင်ငံ၏မြို့တော်နေပြည်တော်(အပိုင်း-၆)
- **၀၈:၃၅** မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများမှသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့
- **၀၉:၁၅** NRC အစီအစဉ် (ရခိုင်)
- **၁၀:၃၅** လူမှုဘဝထဲကကော်ဖီ
- **၁၁:၄၀** NEXT LEVEL
- **၁၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဗိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၄၂)
- **၁၃:၃၀** MRTV National News
- **၁၅:၃၀** မျိုးဝက်တင့်စေဆိုကရေးတီးအမွေ
- **၁၆:၄၅** မြန်မာ့အာဟာရအရသာပို ကျောက်တန်းငါးပိရည်ကျို
- **၁၇:၁၀** Soccer View
- **၁၇:၂၅** လူမှုစီးပွားသတင်းများ
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** ပြည်ချစ်သားမွန်တေးသဝဏ်
- **၁၉:၁၅** မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်အချစ်ရဲ့ဂုဏ်တားတွက်' (အပိုင်း-၁၀)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** ပြည်ချစ်သားမွန်တေးသဝဏ်
- **၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟန်ဆောင်ကမ္ဘာထဲက ငွေရည်စိမ်မှတ်တမ်း' (အပိုင်း-၁၈)
- **၂၂:၁၀** မြန်မာဇာတ်လမ်းတွဲ 'အုံ့ဘွယ်ချစ်ပုံပြင်' (အပိုင်း-၁၉)

### mitv

- **07:02** Evergreen Classic: Ma Lay Lat Khat Than (Mya Thinn Chal)
- **07:10** Ananda Temple
- **07:49** Ecotourism: Shameka Taw Ya Monastery and Dolphin Community Lodge
- **08:01** News
- **08:26** Listening Pleasure, Instrumental Music (Banjo) Baranee
- **08:35** Ramayana Classic Talk & Discussion (Epi-1)
- **09:01** Kayah
- **09:08** Commercial Farming to GDP Growth, Jasmine Grower
- **09:25** Myanmar's Traditional Ceramics
- **09:46** The Civil Twilight - 2
- **10:01** News

### MRTV NRC

- **ဝ (၀၆:၀၀ မှ ၀၈:၀၀)** မှန်လုံးပြုလုပ်နည်း
- **ကချင် (၀၈:၀၀ မှ ၁၀:၀၀)** ဗိုင်ဝါးဘာသာစကားပြောကြရအောင် (အပိုင်း-၃)
- **ကယား (၁၀:၀၀ မှ ၁၂:၀၀)** ဝိရိယရှိသောကြက်မ (ပုံပြင်)
- **ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)** ကျောက်တပ်ရောဂါအကြောင်းသိကောင်းစရာ
- **အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)** မြောင်းမြမုန့်ဟင်းခါး
- **အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)** သွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည့် အမိမြန်မာပြည် (အပိုင်း-၃)
- **ချင်း (ကိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)** ဓာတ်တော်ချိုင့်ရေတံခွန်သို့အလည်တစ်ခေါက်
- **ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)** ရှားပါးသောရှီးရာတောင်းရက်လုပ်ငန်း
- **မွန် (၁၇:၀၀ မှ ၁၉:၀၀)** တောင်သူတို့အတွက် အရိပ်ပေးနိုင်လွှဲလက်ရာ ခမောက်လေး
- **ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)** လခြမ်းမြို့မှရှီးရာအလှ (အပိုင်း-၂)
- **ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)** ချဉ်ပေါင်ရဲ့ကျန်းမာရေး

### MRTV NEWS

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
- **၁၈:၃၀** သတင်းသမားပြောတဲ့သတင်းစကား
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ကိုရီးယားနိုင်ငံ)
- **၀၉:၃၀** ဥပဒေရေးရာအမြာမြာဇာတ်လမ်းတို 'ပမှန်သတင်းပေးခြင်း'
- **၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (စင်ကာပူနိုင်ငံ)
- **၁၀:၃၀** ဒီပိုကရေစီ-၃
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- **၁၁:၃၀** ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၄၁)

### MRTV FARMERS' HTV

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၁၅** စိမ်းလန်းသောဝန်းကျင်နှင့်စားရေရိက္ခာ ဖူလုံဖို့ သီးနှံသစ်တောရောနှောစိုက်ပျိုးစို့
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- **၀၇:၁၀** 'စိုက်ပျိုးမွေးမြူသုတဘဏ်' မြန်မာ့ပဲမျိုးစုံစိုက်ပျိုးရေး
- **၁၈:၀၀** Barbie (နိုင်ငံခြားဇာတ်လမ်း)
- **၂၂:၀၀** Platnet 1 (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HTV

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
- **၀၆:၄၅** Football Highlight
- **၀၇:၄၀** Weekly Soccer Preview
- **၁၇:၀၀** အားကစားသတင်း

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။






ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် အုတ်ရှစ်ကုန်းအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူးရဲအုပ်ကျော်ဇင်ဦး ဦးစီး၍ တပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များက အမြန်လမ်းမကြီး မိုင်တိုင် ၇၂/၅ ရှိ တောင်ကလေးတောရကျောင်းတိုက်၌ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ဘုရားစေတီတော်ပေါ်တွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။ ကျော်ကျော်(ပြန်/ဆက်)

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၁ ရက်တွင် အမှတ်(၃) မှူးယစ်တပ်ဖွဲ့ခွဲ (ရန်ကုန်)မှ ဒုရဲမှူးကြီး အောင်မြတ်စိုး ဦးစီးတပ်ဖွဲ့ဝင် ၆၀ တို့က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော်၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။ နိုင်ငွေးအောင်



## "ချစ်စရာ့အရွယ် ကစားကြမယ်"ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၁၁

"ချစ်စရာ့အရွယ် ကစားကြမယ်" ကလေးအစီအစဉ်ကို MRTV-HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ စက်တင်ဘာ ၁၄ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် လှိုင်သာယာ(၁) မူလတန်းကြိုကျောင်းနှင့် မင်္ဂလာဒုံမူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များ အချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းစီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် စက်တင်ဘာ ၁၆ ရက် (တနင်္လာနေ့) ညနေ ၄ နာရီသတင်းအပြီးတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## "မိဘမေတ္တာ" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် စက်တင်ဘာ ၁၁

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများအပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ စက်တင်ဘာ ၁၃ ရက် (သောကြာနေ့) ည ၉ နာရီတွင် "မိဘမေတ္တာ" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံဆိုင်းဝိုင်းကြီး၏ တင်ဆက်မှုနှင့်အတူ နာမည်ကျော် မျိုးဆက်သစ်တေးသံရှင်များဖြစ်ကြသည့် ကျော်ကျော်ဟန်၊ ရဲထိုက်၊ ဇော်ထွေးလတ်၊ မင်းသားလေး၊ ဖြိုးဝေသူ၊ သူဇာအောင်၊ ကြူကြူခိုင်၊ နန်းစန္ဒီ၊ အိအိလှိုင်နှင့် ထွန်းပပအောင်တို့က ဆရာရွှေတိုင်ညွန့် ရေးစပ်သီကုံးထားသည့် သုံးရောင်ခြယ်၊ အောင်ဗလအလွမ်းပြေ၊ မိဘမေတ္တာ စသည့် ဂန္ထဝင်တေးသီချင်းများကို သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် စက်တင်ဘာ ၁၅ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၉-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၁၅ | ၃၂၉၅ | ၃၂၇၀ | ၃၂၂၀ | ၃၂၉၅ | ၃၃၀၅ | ၃၃၂၀ | ၃၂၇၅ | ၃၄၀၀ | ၃၄၃၀ | ၃၂၈၅ | ၃၃၀၀ | ၃၃၃၀ | ၃၃၂၀ | ၃၃၃၀ | ၃၇၃၅ | ၅၂၅၀ |
| 95 Ron | ၃၃၅၅ | ၃၄၃၅ | ၃၄၁၀ | ၃၃၆၅ | ၃၄၃၅ | ၃၄၅၀ | ၃၄၆၀ | ၃၄၁၅ | ၃၅၄၀ | ၃၅၇၀ | ၃၄၂၅ | ၃၄၄၀ | ၃၄၇၀ | ၃၄၆၀ | ၃၄၇၅ | ၃၈၇၅ | ၅၄၅၀ |
| HSD (500 ppm) | ၂၇၁၀ | ၂၇၉၅ | ၂၇၇၀ | ၂၇၂၀ | ၂၇၉၅ | ၂၈၀၅ | ၂၈၂၀ | ၂၇၇၅ | ၂၉၀၀ | ၂၉၃၀ | ၂၇၈၀ | ၂၈၀၀ | ၂၈၃၀ | ၂၈၂၀ | ၂၈၃၀ | ၃၂၃၅ | ၅၂၅၀ |
| HSD (50 ppm) | ၃၃၉၅ | ၃၄၇၅ | ၃၄၅၀ | ၃၄၀၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၀ | ၃၄၅၅ | ၃၅၈၀ | ၃၆၁၀ | ၃၄၆၅ | ၃၄၈၀ | ၃၅၁၀ | ၃၅၀၀ | ၃၅၁၀ | ၃၉၁၅ | ၅၂၅၀ |
| HSD (10 ppm) | ၃၃၉၅ | ၃၄၇၅ | ၃၄၅၀ | ၃၄၀၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၀ | ၃၄၅၅ | ၃၅၈၀ | ၃၆၁၀ | ၃၄၆၅ | ၃၄၈၀ | ၃၅၁၀ | ၃၅၀၀ | ၃၅၁၀ | ၃၉၁၅ | ၅၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၅၀ | ၃၁၄၄ |
| 95 Ron | ၃၁၈၇ | ၃၂၈၄ |
| HSD (500 ppm) | ၂၅၆၄ | ၂၆၄၅ |
| HSD (50 ppm) | ၃၂၂၄ | ၃၃၁၈ |
| HSD (10 ppm) | ၃၂၂၄ | ၃၃၁၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော**

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ဂုဏ်ပြုဆောင်းပါး

# ကောင်းမွန်သောဂေဟစနစ်ကို လက်ဆင့်ကမ်းနိုင်ရေး ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းကာကွယ်ပေး

ကိုဘုန်း(ထုတ်လုပ်)

**နှစ်စဉ် စက်တင်ဘာလ ၁၆ ရက်နေ့သည် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဖြစ်သည်။ ၁၉၉၄ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးက အိုဇုန်းလွှာပါးလွှာလာမှုကို ဖြစ်ပေါ်စေသည့်အရာဝတ္ထုများ အသုံးပြုမှုကို ကာကွယ်ပေးသည့် မွန်ထရီရယ်ပဋိညာဉ် လက်မှတ်ရေးထိုးခဲ့သည့် ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။**

> **“ ကမ္ဘာမြေမျက်နှာပြင်သို့ရောက်ရှိသည့် ခရမ်းလွန်ရောင်ခြည်ကို လျှော့ချခြင်းဖြင့် အိုဇုန်းလွှာသည် ပလတ်စတစ်၊ သစ်သားနှင့် ရော်ဘာကဲ့သို့သောပစ္စည်းများ ပျက်စီးယိုယွင်းမှုကို တားဆီးပေးကာ ၎င်းတို့၏ အသုံးဝင်သော သက်တမ်းကိုတိုးစေပြီး မကြာခဏ အစားထိုးရန်လိုအပ်မှုကို လျှော့ချပေးနိုင်သောကြောင့် အိုဇုန်းလွှာသည် အန္တရာယ်ရှိသော ခရမ်းလွန်ရောင်ခြည်ကို စစ်ထုတ်ခြင်း၊ လူ့ကျန်းမာရေးကို ပံ့ပိုးပေးခြင်း၊ ဂေဟစနစ်ကို ထိန်းသိမ်းခြင်းနှင့် ရာသီဥတုတည်ငြိမ်မှုကို ထိန်းသိမ်းပေးခြင်းတို့ဖြင့် ကမ္ဘာပေါ်ရှိသက်ရှိများကို ကာကွယ်ပေးရန်အတွက် မရှိမဖြစ်လိုအပ် ”**

အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရန် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် United Nations Environment Programme (UNEP) တို့က ဦးဆောင်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ၁၉၈၅ ခုနှစ်တွင် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းကို ချမှတ်ဆောင်ရွက်ခဲ့ကြပါသည်။ ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်ကို ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့၌ ထပ်မံချုပ်ဆိုခဲ့ကြသည်။ အဆိုပါစာချုပ်အရ အိုဇုန်းလွှာပျက်စီးစေသော CFC နှင့် Halon ဒြပ်ပစ္စည်း ရှစ်မျိုးကို အပြီးသတ်ရပ်ဆိုင်းနိုင်ခဲ့ပါသည်။ သုတေသနတွေ့ရှိချက်များအရ အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများအား ထပ်မံဖော်ထုတ်တွေ့ရှိလာသည့်အတွက် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်ကို ငါးကြိမ်တိုင်တိုင် ပြင်ဆင်ခဲ့ရပြီး အဆိုပါဒြပ်ပစ္စည်းများ ထုတ်လုပ်သုံးစွဲမှုကို ထပ်မံကန့်သတ်ထိန်းချုပ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် ရဝမ်ဒါနိုင်ငံ ကီဂါလီမြို့၌ ကျင်းပခဲ့သည့် မွန်ထရီရယ်နောက်ဆက်တွဲ စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ (၂၈)ကြိမ်မြောက် အစည်းအဝေးတွင် ကမ္ဘာကြီးပူနွေးမှုအညွှန်းကိန်း အလွန်မြင့်မားပြီး မှန်လုံအိမ်အာနိသင်ရှိသည့် ဟိုက်ဒရိုဖလူအိုရိုကာဗွန် (HFCs)ကို ထုတ်လုပ်သုံးစွဲမှုလျှော့ချရေးဆိုင်ရာ ကီဂါလီပြင်ဆင်ချက် (Kigali Amendment)ကို ထပ်မံသဘောတူချမှတ်ခဲ့ကြသည်။

### ကမ္ဘာ့လေထု၏ ဒုတိယ အမိကအလွှာတွင် တည်ရှိသော အိုဇုန်းလွှာ

အိုဇုန်းလွှာသည် ကမ္ဘာ့လေထု၏ ဒုတိယအမိကအလွှာဖြစ်သည့် ကမ္ဘာ့စထရာတိုစဖီးယားတွင် တည်ရှိသည်။ ၎င်းသည် ကမ္ဘာမြေမျက်နှာပြင်အထက် ၁၀ မိုင်မှ ၃၀ မိုင် (၁၅ မှ ၅၀ ကီလိုမီတာ) ခန့်တွင်စတင်ပြီး အမြင့်ပေ ၃၅ မိုင် (၅၆ ကီလိုမီတာ) ခန့်အထိ ကျယ်ပြန့်သည်။ အောက်ဆီဂျင်မော်လီကျူး ($O_2$)များသည် နေရောင်ခြည်ကြောင့် အောက်ဆီဂျင်အက်တမ်နှစ်ခုအဖြစ် ကွဲထွက်သွားပြီး အခြားအောက်ဆီဂျင် မော်လီကျူးတစ်ခုနှင့် ဓာတ်ပြုမိသောအခါ အိုဇုန်းမော်လီကျူး ($O_3$)တစ်ခု ဖြစ်ပေါ်လာသည်။ အဆိုပါအိုဇုန်းမော်လီကျူးများ တစ်နေရာတည်း၌ စုဝေးနေသည့်နေရာကို အိုဇုန်းလွှာဟုခေါ်သည်။ ဤအလွှာသည်နေ၏အန္တရာယ်ရှိသော ခရမ်းလွန်ရောင်ခြည်အများစုကို စုပ်ယူနိုင်သောကြောင့် ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါများကို ပျက်စီးစေသော သက်ရောက်မှုများမှ ကာကွယ်ပေးနိုင်သည်။

### ကမ္ဘာမြေအတွက် အလွန်အရေးကြီးသည့်အိုဇုန်းလွှာ

အိုဇုန်းလွှာသည် ကမ္ဘာမြေအတွက် အလွန်အရေးကြီးပါသည်–

**ခရမ်းလွန်ရောင်ခြည်ကာကွယ်မှု** – အိုဇုန်းလွှာသည် နေ၏အန္တရာယ်ရှိသော ခရမ်းလွန်ရောင်ခြည်အများစု အထူးသဖြင့် ခရမ်းလွန်–ဘီနှင့် ခရမ်းလွန်–စီ ရောင်ခြည်များကို စုပ်ယူပြီး စစ်ထုတ်သည်။ ပြင်းထန်သော ခရမ်းလွန်ရောင်ခြည်များသည် ပမာဏများစွာဖြင့် ကမ္ဘာမြေမျက်နှာပြင်သို့ ရောက်ရှိပြီး သက်ရှိများကို သိသိသာသာ ထိခိုက်စေနိုင်ခြင်းကို အိုဇုန်းလွှာမှ ကာကွယ်ပေးပါသည်။

**လူ့ကျန်းမာရေး** – ခရမ်းလွန်ရောင်ခြည်ကို ပိတ်ဆို့ခြင်းဖြင့် အိုဇုန်းလွှာသည် အရေပြားကင်ဆာ၊ အတွင်းတိမ်နှင့် ခရမ်းလွန်ရောင်ခြည် လွန်ကဲစွာ ထိတွေ့မှုဆိုင်ရာ အခြားကျန်းမာရေးပြဿနာများနှင့် နေလောင်ခြင်းကို ကာကွယ်လျှော့ချပေးသည်။

**ဂေဟစနစ်ကာကွယ်ခြင်း** – အိုဇုန်းလွှာသည် ခရမ်းလွန်ရောင်ခြည်ကို ထိန်းသိမ်းသောကြောင့် အပင်များ၊ အစာကွင်းဆက်များနှင့် ဂေဟစနစ်တစ်ခုလုံးတည်ငြိမ်မှုအတွက် အရေးပါသော သက်ရှိများ၏ ကျန်းမာရေးကို ထိန်းသိမ်းပေးသည်။

**ရာသီဥတုထိန်းညှိခြင်း**– အိုဇုန်းလွှာသည် ကမ္ဘာ၏ရာသီဥတုကို ထိန်းညှိရာတွင် အခန်းကဏ္ဍတစ်ခုမှ ပါဝင်ပြီး ရာသီဥတုပုံစံများနှင့် ရာသီဥတုတည်ငြိမ်မှုကို ထိခိုက်စေသည့် လေထုအပူချိန်ကို ထိန်းညှိပေးပါသည်။

**ပစ္စည်းများကာကွယ်ခြင်း** – ကမ္ဘာမြေမျက်နှာပြင်သို့ရောက်ရှိသည့် ခရမ်းလွန်ရောင်ခြည်ကို လျှော့ချခြင်းဖြင့် အိုဇုန်းလွှာသည် ပလတ်စတစ်၊ သစ်သားနှင့် ရော်ဘာကဲ့သို့သောပစ္စည်းများ ပျက်စီးယိုယွင်းမှုကို တားဆီးပေးကာ ၎င်းတို့၏ အသုံးဝင်သော သက်တမ်းကိုတိုးစေပြီး မကြာခဏ အစားထိုးရန်လိုအပ်မှုကို လျှော့ချပေးနိုင်သောကြောင့် အိုဇုန်းလွှာသည် အန္တရာယ်ရှိသော ခရမ်းလွန်ရောင်ခြည်ကို စစ်ထုတ်ခြင်း၊ လူ့ကျန်းမာရေးကို ပံ့ပိုးပေးခြင်း၊ ဂေဟစနစ်ကို ထိန်းသိမ်းခြင်းနှင့် ရာသီဥတုတည်ငြိမ်မှုကို ထိန်းသိမ်းပေးခြင်းတို့ဖြင့် ကမ္ဘာပေါ်ရှိသက်ရှိများကို ကာကွယ်ပေးရန်အတွက် မရှိမဖြစ်လိုအပ်ပါသည်။

### အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများနှင့် ပျက်စီးရခြင်းအကြောင်းရင်း

ထိုသို့ အကျိုးပြုသော အိုဇုန်းလွှာပျက်စီးစေသည့် အဓိကအကြောင်းရင်းမှာ အိုဇုန်းဓာတ်လျော့နည်းခြင်းကြောင့်ဖြစ်ပြီး ထိုသို့လျော့နည်းခြင်းသည် လူလုပ်ဓာတုပစ္စည်းများ၏ လုပ်ဆောင်ချက်များကြောင့်ဖြစ်သည်။ အိုဇုန်းလွှာကိုပျက်စီးစေသော ဒြပ်ပစ္စည်းများသည် ကလိုရင်းပါဝင်သည့် ပစ္စည်းများဖြစ်သည့် ကလိုရိုဖလူအိုရိုကာဗွန်(Chlorofluor–ocarbons–CFCs)၊ ဟိုက်ဒရိုကလိုရိုဖလူအိုရိုကာဗွန် (Hydrochloroflurocarbons–HCFCs)၊ ဘရိုမင်းပါဝင်သည့် ပစ္စည်းများဖြစ်သည့် ဟိုက်ဒရိုဘရိုမိုဖလူအိုရိုကာဗွန် (Hydrobromo–fluorocarbons–HBFCs)နှင့် ဘရိုမိုကလိုရိုမီသိန်း (Bromochloromethane $BrCH_2Cl$) များ ဖြစ်သည်။ အဆိုပါ ဒြပ်ပစ္စည်းများကို လေအေးပေးစက်၊ ရေခဲသေတ္တာ၊ မီးသတ်ဆေးဘူးများ၊ ပိုးသတ်ဆေးများ၊ ရုပ်ကြွင်းလောင်စာများ၊ စက်မှုလုပ်ငန်း လုပ်ငန်းစဉ်များမှ ထုတ်လွှတ်သည့် ဓာတ်ငွေ့နှင့် ဓာတုပစ္စည်းများစသည့် လူသားတို့၏ လုပ်ဆောင်ချက်များမှ ထုတ်လွှင့်ပေးသလို သဘာဝအကြောင်းရင်းများဖြစ်သည့် မီးတောင်ပေါက်ကွဲမှုများ၊ တောမီးလောင်ကျွမ်းမှုများမှလည်း အိုဇုန်းလွှာကို ပျက်စီးစေသည့် ဒြပ်စင်များကို ထုတ်လွှတ်ပေးသည်။ သို့သော် သဘာဝရင်းမြစ်များမှ ဒြပ်စင်များထွက်ရှိမှုသည် လူလုပ်ဓာတုပစ္စည်းများနှင့် နှိုင်းယှဉ်ပါက သိသိသာသာ နည်းပါးသည်။ အိုဇုန်းလွှာပျက်စီးမှုကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းရာ၌ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်စင်များစွာကို ထုတ်လုပ်ခြင်းနှင့် အသုံးပြုခြင်းကို ရပ်ဆိုင်းရန် ၁၉၈၇ ခုနှစ်တွင် ချမှတ်ခဲ့သော အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ဖြစ်သည့် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်အရ အဆိုပါဓာတုပစ္စည်းများ ထုတ်လွှတ်မှုသည် သိသိသာသာ လျော့ကျသွားပါသည်။

### အိုဇုန်းလွှာပျက်စီးခြင်း၏ ဆိုးကျိုးများ

အိုဇုန်းဓာတ်လျော့နည်းခြင်းသည် သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့၏ ကျန်းမာရေးအတွက် ဆိုးရွားသော အကျိုးဆက်များစွာ ဖြစ်ပေါ်စေနိုင်သည်–

**အရေပြားကင်ဆာ** – ကမ္ဘာမြေမျက်နှာပြင်သို့ ရောက်ရှိသည့် ခရမ်းလွန်ရောင်ခြည် မြင့်မားမှုသည် အရေပြားကင်ဆာများ၊ အထူးသဖြင့် melanoma နှင့် basal cell carcinoma နှင့် squamous cell carcinoma ကဲ့သို့သော အရေပြားကင်ဆာများ ဖြစ်ပွားမှုကို တိုးမြင့်စေနိုင်သည်။

**အတွင်းတိမ်နှင့်မျက်လုံးပျက်စီးခြင်း** – ခရမ်းလွန်ရောင်ခြည်သည် အတွင်းတိမ်နှင့် အခြားမျက်စိရောဂါများကို ဖြစ်စေနိုင်ပြီး မကုသပါက အမြင်အာရုံကို ထိခိုက်စေနိုင်ပြီး မျက်စိကွယ်သွားနိုင်သည်။

**ခုခံအားစနစ်အားနည်းခြင်း** – ခရမ်းလွန်ရောင်ခြည် ထိတွေ့မှုများလာခြင်းသည် ကိုယ်ခံအားစနစ်ကို နည်းပါးစေနိုင်ကာ လူတစ်ဦးချင်းစီ၌ ကူးစက်ခံရနိုင်ခြေ ပိုမိုများပြားစေနိုင်ပြီး ကာကွယ်ဆေးများ၏ ထိရောက်မှုကို အားနည်းနိုင်သည်။

**တိရစ္ဆာန်များအပေါ်သက်ရောက်မှု** – ခရမ်းလွန်ရောင်ခြည်သည် အစားအစာကွင်းဆက်ကို ဆိုးရွားစွာထိခိုက်စေသည်။ သက်ရှိများပျက်စီးခြင်းသည် ဂေဟစနစ်တစ်ခုလုံးကို ထိခိုက်စေနိုင်ပြီး ငါးသိုလှောင်မှုနှင့် အခြားသက်ရှိများကို ထိခိုက်နိုင်သည်။ ရေ (သို့မဟုတ်) ရေအနီးတွင် နေထိုင်သော တိရစ္ဆာန်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။

**အပင်များအပေါ် သက်ရောက်မှု** – မြင့်မားသော ခရမ်းလွန်ရောင်ခြည်သည် အပင်တစ်သျှူးများကို ပျက်စီးစေပြီး ကြီးထွားမှု၊ ကုန်ထုတ်စွမ်းအားနှင့် ခံနိုင်ရည်တို့ကိုထိခိုက်စေပြီး သီးနှံအထွက်နှုန်း လျော့ကျစေကာ စားရေရိက္ခာဖူလုံမှုကို ထိခိုက်စေသည်။

**ရာသီဥတုနှင့် လေထုသက်ရောက်မှု** – အိုဇုန်းဓာတ်လျော့နည်းခြင်းသည် လေထုအပူချိန်နှင့် လည်ပတ်မှုပုံစံများကို လွှမ်းမိုးနိုင်ပြီး ရာသီဥတုပြောင်းလဲမှုများကို အထောက်အကူပြုသည်။

**စီးပွားရေးအပေါ်သက်ရောက်မှု** – ခရမ်းလွန်ရောင်ခြည်ကြောင့် သီးနှံအထွက်နှုန်း လျော့နည်းခြင်းနှင့် အပင်များပျက်စီးခြင်းသည် စိုက်ပျိုးရေးတွင် စီးပွားရေးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပြီး အစားအစာထောက်ပံ့မှုနှင့် ဈေးနှုန်းများကို ထိခိုက်စေပါသည်။

**လူသုံးကုန်ပစ္စည်းများအပေါ်သက်ရောက်မှု**– ခရမ်းလွန်ရောင်ခြည် ထိတွေ့မှု မြင့်မားခြင်းကြောင့် ပလတ်စတစ်၊ ရော်ဘာနှင့် ဆောက်လုပ်ရေးပစ္စည်းများကဲ့သို့သောပစ္စည်းများ ပျက်စီးစေပြီး ပြုပြင်ထိန်းသိမ်းမှုနှင့် အစားထိုးစရိတ်များ မြင့်မားစေသည်။

စာမျက်နှာ ၁၇ သို့ ❑

> **“ မြန်မာနိုင်ငံတွင် အမျိုးသားအိုဇုန်းယူနစ်ကို ဖွဲ့စည်းကာ အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် မွန်ထရီရယ်သဘောတူစာချုပ်၏ ပြင်ဆင်ချက်များအပါအဝင် နိုင်ငံတကာသဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ပြီး အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးတို့တွင် ကမ္ဘာ့နိုင်ငံများအားလုံးနှင့်အတူ တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများထုတ်လုပ်မှုနှင့် သုံးစွဲမှုနည်းပါးသောနိုင်ငံဖြစ်သော်လည်း မွန်ထရီရယ်သဘောတူစာချုပ်ပါ ကတိကဝတ်များနှင့်အညီ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများသုံးစွဲမှုကို အဆင့်ဆင့်လျှော့ချလျက်ရှိ ”**




## ၂၀၂၄ ခုနှစ် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄) ရပ်

- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

### ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
( ခ ) နိုင်ငံ့ဝန်ထမ်းများ။
( ဂ ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။
( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

❑ စာမျက်နှာ ၁၆ မှ

**နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ**

မြန်မာနိုင်ငံတွင် အမျိုးသားအိုဇုန်းယူနစ်ကို ဖွဲ့စည်းကာ အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကို တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် မွန်ထရီရယ်သဘောတူစာချုပ်၏ ပြင်ဆင်ချက်များအပါအဝင် နိုင်ငံတကာသဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ပြီး အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးတို့တွင် ကမ္ဘာ့နိုင်ငံများအားလုံးနှင့်အတူ တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများထုတ်လုပ်မှုနှင့် သုံးစွဲမှုနည်းပါးသော နိုင်ငံဖြစ်သော်လည်း မွန်ထရီရယ်သဘောတူစာချုပ်ပါ ကတိကဝတ်များနှင့်အညီ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများသုံးစွဲမှုကို အဆင့်ဆင့်လျှော့ချလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကလိုရိုဖလူအိုရိုကာဗွန်(CFCs) တင်သွင်းမှုအား ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အပြီးသတ်ရပ်ဆိုင်းထားခဲ့သည်။

အနာဂတ်မျိုးဆက်များအတွက် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်ကို လက်ဆင့်ကမ်းနိုင်ရန် လက်ရှိမျိုးဆက်များသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်နေသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများအပြင် အိုဇုန်းလွှာထိန်းသိမ်းခြင်းလုပ်ငန်းသည်လည်း များစွာအရေးပါလှပါသည်။ အိုဇုန်းလွှာကို အနာဂတ်မျိုးဆက်များအထိ ကာကွယ်ထိန်းသိမ်းသွားပြီး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို လျှော့ကျစေကာ သက်ရှိနှင့် သဘာဝပတ်ဝန်းကျင်တို့ ဟန်ချက်ညီညီ နေထိုင်သွားရင်း ကောင်းမွန်သော အနာဂတ်ကို အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပြီး သာယာလှပသော ကမ္ဘာကြီးကို ဖော်ဆောင်ရန်မှာကမ္ဘာပေါ်ရှိ လူသားအားလုံး၏ တာဝန်ဖြစ်သောကြောင့် ပူးပေါင်းဆောင်ရွက်မှု၏စွမ်းအားဖြင့် ကျွန်ုပ်တို့၏ ကမ္ဘာမြေကို နောင်လာမည့် မျိုးဆက်များအတွက် ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ပါကြောင်း ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြု၍ ရေးသားလိုက်ပါသည်။ ။

**ကိုးကား- နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာများ**
**- Google.com**

# ညွှဲ့သည်

ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ



**ပါရမီစာဂ များလှအသင်္ချေ**

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတွေ သံသရာရေယဉ်ကြောမှာမျောပါပြီး ဆင်းရဲဒုက္ခရောက်နေကြတာကို သနားတော်မူလွန်းလို့ မဟာကရုဏာတော်နဲ့၊ မဟာမေတ္တာတော်နဲ့၊ မဟာပညာတော်ကြီးနဲ့ ဘုရားအဖြစ်ဆုပန်ပြီး ပါရမီဖြည့်တော်မူခဲ့ပါတယ်။

ဒုက္ခရောက်နေတဲ့သတ္တဝါတွေကို သနားတော်မူပြီး ပါရမီဖြည့်ပေးတယ်ဆိုတာ ဦးပဉ္စင်းတို့အတွက်လည်းပါတယ်။ ယောဂီတို့အတွက်လည်းပါတယ်။ သာသနာတော်ကို ကြည်ညိုအားထားတဲ့ ပုဂ္ဂိုလ်တွေအားလုံးအတွက် ပါပါတယ်။

မိမိတို့က အေးအေးဆေးဆေး ဟောဒီလိုလေး တရားတွေနာကြားရတယ်။ တရားတွေ အားထုတ်ရတယ်။ ချမ်းသာလိုက်တာ၊ လွယ်လိုက်တာလို့ ပြောကြမှာပေ့ါ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးကတော့ ဒီလို မဟုတ်ပါဘူး။ မိမိတို့တစ်တွေ တရားနာဖို့၊ တရားဟောဖို့၊ တရားအသိတွေတိုးဖို့အတွက် နှစ်ပေါင်းများစွာ၊ ဘဝပေါင်းများစွာ၊ ခန္ဓာကိုယ်ပေါင်းများစွာနဲ့ ဒုက္ခသုက္ခတွေကို အရင်းတည်ကာ ပါရမီတွေကို အပင်ပန်းခံပြီး ဖြည့်ကျင့်တော်မူခဲ့ပါတယ်။

ယောဂီတွေ ဒီလိုအေးအေးဆေးဆေး တရားအားထုတ်နိုင်အောင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဖြည့်ခဲ့ရတဲ့ ပါရမီတွေဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပါရမီစာဂ များလှအထွေထွေ၊ ဒုက္ခပေါင်း အသင်္ချေမကပါဘူး။

ဒါ့အပြင် ဘုရားအဖြစ်ကိုရတော်မူ၊ ရောက်တော်မူမယ့် နောက်ဆုံးဘဝ သိဒ္ဓတ္ထမင်းသားဘဝမှာကိုပဲ သာမန်လူတွေ ကိုယ်တိုင်ကျင့်ဖို့နေနေသာသာ စိတ်ကူးမျှပင် စိတ်မကူးဝံ့၊ စိတ်မကူးရဲတဲ့ခြောက်နှစ်ကြာအောင် အလွန်ခဲယဉ်းစွာကျင့်ရတဲ့ ဒုက္ကရစရိယာအကျင့်ကြီးကိုကျင့်ခဲ့ရတာတွေကိုလည်း နှလုံးသွင်းပြီး ကြည့်လိုက်ပါဦး။ အံ့သြစရာကောင်းလိုက်တာ။

အဲဒီလောက်ကြုံရ ဆုံရတဲ့ ဒုက္ခဆင်းရဲတွေကို စိတ်ဓာတ်တော်မြင့်မားပြီး မတုန်မလှုပ်နဲ့ ကြံ့ကြံ့ခံနိုင်တော်မူခဲ့တာဟာ ဦးပဉ္စင်းတို့လို ဒုက္ခရောက်နေတဲ့ သတ္တဝါတွေကို ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာ၊ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာတွေကို ရစေတော်မူလိုလို့သာ ဖြည့်ကျင့်ခဲ့တယ်ဆိုတာ သိသာလှပါတယ်။ ချမ်းသာတွေအမျိုးမျိုး ဆင်းရဲတွေအမျိုးမျိုးကိုလည်း ကိုယ်တော်မှ ထွေးဟက်တဲ့ တံတွေးခွက်ကဲ့သို့ ရက်ရက်ကြီး စွန့်ခဲ့နိုင်တာကိုလည်းကြည့်လိုက်ပါဦး။ ဘယ်လောက် ကြည်ညိုစရာကောင်းလိုက်သလဲလို့။

လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ၊ စကြဝတေးမင်းချမ်းသာ၊ အဲဒီချမ်းသာတွေအားလုံးကို ဆန်တစ်လှံာခြမ်းမျှ မျှော်မှန်းဆ၍ တမ်းတစုံမက်နှစ်သက်တော်မမူတာကိုလည်း ကြည့်ပြီးကြည်ညိုကြပါဦး။

ဒီလောက်ကောင်းတဲ့ လောကီချမ်းသာတွေကို ဘာလို့ပယ်တာလဲ။

သဗ္ဗညုတဉာဏ်ရဖို့အတွက်ပါ။

ဘာလို့ သဗ္ဗညုတဉာဏ် ရချင်ရတာလဲ။

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတွေ မဆင်းရဲစေချင်လို့ပါ။

တချို့က ပြောတယ်၊ တပည့်တော်တို့က ဘာဆင်းရဲလို့လဲလို့ပြောတယ်။ စားစရာ၊ ဝတ်စရာ၊ နေစရာ၊ ထိုင်စရာတွေ ပြည့်ပြည့်စုံစုံနဲ့ နေနိုင်ပါတယ်။ ဘာဆင်းရဲလို့လဲတဲ့။

ဟုတ်ပါတယ်။ လောကမှာ အဲဒီလို ပြည့်စုံတဲ့လူတွေလည်းရှိကြပါတယ်။ ဒါပေမဲ့ ပြည့်စုံတဲ့သူနဲ့ မပြည့်စုံတဲ့သူ ဘယ်သူကများသလဲဆိုတာ နှိုင်းယှဉ်ပြီး ပြောစရာတောင်မလိုပါဘူး။ အားလုံးသိကြပါတယ်။ မပြည့်စုံလို့ ဒုက္ခရောက်နေကြတာက အများကြီးပါပဲ။

လောကမှာနေရတဲ့ ပုဂ္ဂိုလ်တွေကို ဉာဏ်နဲ့ တွက်ကြည့်ပါ။ ဟောဒီလောကကြီးမှာ မြင်နေရတာလေ၊ ယောဂီတို့နေရာက ဝင်စဉ်းစားကြည့်ပါတယ်။ တရားနာနေတဲ့ ပုဂ္ဂိုလ်တွေနေရာက စဉ်းစားကြည့်ပါတယ်။ ကိုယ်ချင်းစာကြည့်ပါတယ်။ လောကမှာနေကြတဲ့ပုဂ္ဂိုလ်တွေဟာ မပြည့်စုံတဲ့ ဒုက္ခဆင်းရဲထက်၊ တခြားဒုက္ခဆင်းရဲတွေ အများကြီးကိုပဲ ကြုံနေရပါတယ်။

လောကမှာနေကြတဲ့ သတ္တဝါတွေအတွက် လောကမှာနေချင်လို့နေနေရတာလား၊ မနေမဖြစ်လို့ နေနေရတာလားဆိုရင် မနေမဖြစ်လို့ နေနေရတဲ့ ဘဝကြီးပါ။

"စီးပွားရေး ကျပ်တည်းလို့၊ လုပ်ငန်းကိုင်ငန်း အဆင်မပြေလို့" ဆိုတဲ့ ဒီဒုက္ခတွေနဲ့မဆိုင်ပါဘူး။ ဒါတွေက အပေါ်ယံ အပရိကဆင်းရဲဒုက္ခတွေပါ။ တခြား အိုဒုက္ခ၊ နာဒုက္ခ၊ သေဒုက္ခ၊ မုန်းတဲ့သူနဲ့ တွဲဒုက္ခ၊ ချစ်တဲ့သူနဲ့ ကွဲဒုက္ခတွေ၊ သင်္ခါရဒုက္ခတွေက အများကြီး ရှိပါသေးတယ်။ အဲဒီဒုက္ခအများကြီးကို အမြဲတမ်းကြုံနေရတဲ့ ဆင်းရဲဒုက္ခတွေကိုသာ အဓိကထားပြီး ပြောလိုတာပါ။

မိသားစု အဆင်မပြေလို့၊ လူမှုရေးတွေ အခက်အခဲရှိလို့ဆိုတာ ဒါတွေက အပေါ်ယံ အပရိကဒုက္ခတွေပါ။ ဒါတွေကိုကပဲ တော်တော်နေရထိုင်ရခက်တဲ့ ပြဿနာ၊ ဒုက္ခရောက်ရတာတွေလည်း ရှိပါတယ်။ သာမန်ဒုက္ခတွေပါ။ ဒီလောက်ကတော့ရှောင်လို့ လွယ်တဲ့ ဒုက္ခဆင်းရဲတွေပါ။

စားရေးသောက်ရေး၊ ဝတ်ရေး၊ နေရေး၊ ထိုင်ရေး စတဲ့ဒုက္ခတွေလည်း ရှိပါသေးတယ်။ ဟောဒီလောကကြီးထဲကို ရောက်လာတာကိုက ဆင်းရဲဖို့ပါ။ ဖြစ်လာတဲ့ ကိုယ့်ကိုယ်ကိုယ်တစ်ကိုယ်လုံးကို အပ်ဖျားနဲ့ထောက် ဘယ်နားမှာ ချမ်းသာတာရှိလဲ။

ကုန်ကုန်ပြောမယ်ကွယ်၊ မဖြစ်လို့နေရတဲ့ ဒီလောကကြီးအကြောင်း စဉ်းစားလေလေ၊ ဒုက္ခမျိုးစုံနဲ့ ကြုံနေရတာက မပြတ်မှန်းသိပြီး ကြောက်စရာကောင်းလေလေပါပဲ။

ကိုယ့်အကြောင်းကိုယ်တွေးကြည့်၊ တပည့်တော်တို့ တစ်နာရီနေလို့ နာရီဝက်စိတ်ချမ်းသာလိုက်တာ လို့များဖြစ်ဖူးလား။ တစ်နာရီ ခဏထား၊ ၂၄ နာရီ လုံးလုံးနေလို့ နာရီဝက်လောက် စိတ်ချမ်းသာလိုက်တာလို့များ ဖြစ်ဖူးလား။

ဒါဖြင့် တစ်လလုံးနေတော့ရော နာရီဝက်လောက် အသိတရားကြောင့် စိတ်ချမ်းသာတာ ဖြစ်ဖူးလား။

ခဏ ခဏ ပြောပါတယ်။ စောစောကလည်း ပြောတယ်။ လောကကြီးမှာ ဟိုလိုလို ဒီလိုလိုနဲ့သာ အချိန်ကုန်ခဲ့ရတာ။ လူ့ဘဝမှာ ငါကတော့ ချမ်းသာလိုက်တာဟယ်။ လူချမ်းသာဆိုတာဟာ ဟောသလိုပေ့ါဟေ့လို့ အားရပါးရကြွေးပြောစရာဆိုလို့ တစ်ခုမျှ မရှိဖူးပါဘူး။

ပုထုဇဉ် မှန်သမျှဟာ ကြုံသမျှဆုံသမျှ လောကကြီးကို ဟိုဟာအလိုမကျ၊ ဒီဟာအလိုမကျနဲ့ ဖြစ်နေရတာ များကြပါတယ်။ ကိုယ့်စိတ်လည်း ကိုယ်မနိုင်ပါဘူး။ ပကတိရူးတဲ့လူဆိုတာ ရှိပါတယ်။ အဲဒီအရူးတွေလို ထဘီမနိုင် ပဝါမနိုင်တာကမှ ကြည့်ကောင်းချင်ကောင်းဦးမယ်။

ကိုယ့်စိတ်ကို ကိုယ်မနိုင်တဲ့သူတွေအတွက်ကတော့ ကိုယ့်စိတ် ကိုယ်မနိုင်ဖြစ်ပြီးတော့ လောကမှာ သတ်မှတ်ချက်နဲ့ လူကောင်းဖြစ်ပါလျက်နဲ့ စိတ်ကူးနေတဲ့အမူအရာတွေ၊ ပြောဆိုနေတဲ့ အမူအရာတွေ၊ လုပ်နေတဲ့ အမူအရာတွေဟာ အကုသိုလ် မကောင်းတာတွေဖြစ်နေကြတာတွေလည်း ရှိတတ်ပါသေးတယ်။ အဲဒီပုဂ္ဂိုလ်တွေအတွက်ကတော့ လောဘ၊ ဒေါသ၊ မောဟ ကိလေသာတွေ ရှိနေသမျှ ကာလပတ်လုံး ဘာမှ အလိုကျစရာဆိုတာ ဒီလောကမှာ တစ်ခုမှမရှိနိုင်ဘူး။

လောကကြီးမှာ ကြုံရဆုံရတာတွေကလည်း ကြည့်ပါဦး၊ မကြုံစည်တာတွေလည်း ဖြစ်လာ၊ စဉ်းစားစိတ်ကူးထားတာတွေလည်း အကုန်ချော်၊ အကုန်လွဲ။ လောကရဲ့သဘော လောကဖြစ်ပုံ၊ လောကလုပ်ပုံကို မြင်သာအောင် ပြောပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ "ညွှဲ့သည်" စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ရှိခိုးပုံ ရှိခိုးနည်း




ကျွန်တော်တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အားလျော်စွာ ကျွန်တော်တို့ ဘာသာ သာသနာ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ပြုကျင့်လိုက်နာခြင်းဖြင့် သားစဉ်မြေးဆက်အထိ ထိန်းသိမ်းထားကြရပေမည်။

ကျွန်တော်တို့ ဘာသာ သာသနာသည် အလွန်ယဉ်ကျေးသိမ်မွေ့သော ဘာသာ သာသနာကြီးဖြစ်သည်။ မည်သည့်အလုပ်တွင်မဆို သေသေသပ်သပ်နှင့် စနစ်တကျရှိလှပေသည်။ အလှူအတန်းလည်း အလှူအတန်းအလျောက် သီလဆောက်တည်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းခြင်း စသည်တို့တွင်လည်း သူ့ယဉ်ကျေးမှုနှင့်သူ စနစ်တကျရှိလှပေသည်။

ယုတ်စွအဆုံး ရှိခိုးခြင်း၊ ဂါရဝပြုခြင်းတို့မှာပင် ဖြစ်ကတတ်ဆန်းရှိခိုးဦးချကြရသည် မဟုတ်ပေ။

ယခုအခါတွင် အချို့အချို့သောပုဂ္ဂိုလ်များသည် ရဟန်းသံဃာနှင့်တွေ့လို့မှပင် ရှိခိုးဦးချခြင်းကို အချိုးကျကျ ရှိမခိုးတတ်သေးသည်ကို တွေ့မြင်နေရသေးသည်။ ထိုအချို့သူတို့ဦးချပုံမှာ ပုဆိန်ပေါက်ဦးချပုံမျိုးဖြစ်နေသေးသည်။ ပုဆိန်ပေါက်ဦးချဆိုသည်မှာ လက်နှစ်ဖက်ကိုပူးကပ်ပြီးကြမ်းနှင့်တောက် တောက်ဟု သုံးကြိမ်မျှ ပုဆိန်ပေါက်သလိုပေါက်ပြီး ဦးချလိုက်ခြင်းမျိုးဖြစ်သည်။ ဦးခေါင်းညွတ်ခြင်း၊ ခန္ဓာကိုယ်ကိုင်းရှိုင်း ညွတ်တွားခြင်းစသည် အလျှင်းမရှိကြချေ။ ဤသို့ စသည်ဖြင့် ဟန်ကျပန်ကျ မရှိသောဦးချပုံမျိုးကိုအတော်လေး တွေ့နေရပေသေးသည်။

အမှန်မှာ ထိုသို့မဖြစ်သင့်ပေ။ ဦးချရာ၌ပင် စေတနာပါရလေသည်။ ကျမ်းဂန်များတွင် ထိုရှိခိုးမှုအတွက် ပဥ္စပတိဋ္ဌိတ ခေါ်တည်ခြင်း သို့မဟုတ် ထိခြင်းငါးပါးမျိုးနှင့် ညီရပေသည်ဟု အဆိုရှိလေသည်။ ထိုတည်ခြင်းငါးမျိုးနှင့်အညီ ရှိခိုးမှု၌ စေတနာပါမှုသည် အဓိကဖြစ်လေသည်။ စေတနာပါမှလည်း စနစ်တကျရှိခိုးမှု အထမြောက်လေသည်။ ယင်းငါးမျိုးကား-

"လက်ချ၊ ဒူးချ၊ နဖူးချကာ ရှိခိုးပါ" ဟူသည်နှင့်အညီ-

၁။ လက်နှစ်ဖက်ကို တံတောင်ဆစ်မှ လက်ဖဝါးတိုင်အောင် ကြမ်းပေါ်၊ မြေပေါ် စသည်တို့၌ ထိနေရမည်။ လက်ဝါးနှစ်ဖက်ကိုမူ နဖူးဝင်ရုံ ချဲထားရမည်။

၂။ ဒူးခေါင်းနှစ်ဖက်ကိုလည်း ကြမ်းပေါ်၊ မြေပေါ်မှာ ထိရပေမည်။

၃။ နဖူးကိုလည်း ထို့အတူ ထိစပ်နေရမည်။ ထိုသို့ လက်နှစ်ဖက်၊ ဒူးနှစ်ဖက်၊ နဖူး ပေါင်းငါးမျိုး မြေကြီးနှင့် ကြမ်းပြင်နှင့် ထိအောင်ရှိခိုးခြင်းကိုမှ တည်ခြင်း သို့မဟုတ် ထိခြင်းငါးမျိုးနှင့်အညီ ရှိခိုးသည်ဟု ခေါ်ရပေမည်။

ထိုသို့ ရှိခိုးမှုမျိုးကိုသာ စေတနာပါသော ရှိခိုးမှုမျိုးဟု ခေါ်ဆိုရပေသည်။

ထို့ကြောင့် ကျွန်တော်တို့သည် ရှိခိုးခြင်းကိစ္စကြုံလာသည်နှင့် တည်ခြင်း၊ ထိခြင်းငါးမျိုးနှင့်အညီ ရှိခိုးမိအောင် သတိရှိဖို့လိုပေသည်။ ။

## ပခုက္ကူဈေးကွက်၌ ပဲစင်းငုံသီးနှံများ ဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ်ဖြစ်

ပခုက္ကူ စက်တင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်တွင် ပဲစင်းငုံသီးနှံကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ပခုက္ကူမြို့နယ်၌ ၄၉၅၁ ဧက၊ ရေစကြိုမြို့နယ်၌ ၄၈၉၇ ဧက၊ မြိုင်မြို့နယ်၌ ၁၂၃၂ ဧက၊ ပေါက်မြို့နယ်၌ ၇၉၄၃ ဧက၊ ဆိပ်ဖြူမြို့နယ်၌ ၁၃၃၅ ဧက စုစုပေါင်း ၃၁၃၅၈ ဧက စိုက်ပျိုးထားရှိကြောင်း၊ ပဲစင်းငုံသီးနှံမှာ ကုန်ကျစရိတ်သက်သာ၍ စိုက်ပျိုးရန် လွယ်ကူခြင်းကြောင့် နှစ်စဉ် စိုက်ပျိုးလျက်ရှိပြီး သီးသန့်စိုက်ပျိုးမှုနှင့် မြေပဲစိုက်ခင်း၊ ပဲတီစိမ်းစိုက်ခင်းများတွင် သီးညှပ်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး သီးညှပ်စိုက်ပျိုးခြင်းကို ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။



ပဲစင်းငုံသီးနှံကို ဇွန်လနှင့် ဇူလိုင်လတို့တွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီလတွင် ရိတ်သိမ်းရကြောင်း၊ မျိုးစေ့အနေဖြင့် ပဲစင်းငုံ အနီနှင့် အဝါမျိုးများကို ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးစေ့ တစ်ပြည်ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအတွက်တစ်ဧကလျှင် ငွေကျပ် သုံးသိန်းခွဲခန့် ကုန်ကျကြောင်း၊ ယခင်နှစ်အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၀-၁၅ တင်းခန့်ထွက်ရှိပြီး စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ သီးနှံအထွက်နှုန်းများ ကွဲပြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ပဲစင်းငုံသီးနှံ ပေါ်စအချိန်တွင် တစ်တင်းလျှင် ငွေကျပ် ၁၁၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၄ သိန်းခန့်ရရှိကြောင်း သိရသည်။

ပဲစင်းငုံသီးနှံများမှာ ဖေဖော်ဝါရီလ ပထမပတ်မှစတင်ပြီး ပခုက္ကူဈေးကွက်သို့ ဝင်ရောက်၍ အရောင်းအဝယ် ဖြစ်လျက်ရှိရာ စက်တင်ဘာလ ပထမပတ်တွင် ပဲစင်းငုံသီးနှံ တစ်တင်းလျှင် ငွေကျပ် ၁၆၃၀၀၀ ဖြင့် ဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ်ရေ ၅၀ မှ ၁၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်အတွင်း အိတ်ရေ ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ပဲစင်းငုံသီးနှံကို ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ပြီး ထိုမှတစ်ဆင့် အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်နိုင်ငံတို့သို့ နှစ်စဉ်တင်ပို့လျက်ရှိရာ ပြည်ပဝယ်လိုအားကောင်းသော ပဲစင်းငုံသီးနှံများ ဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ပြည်ပဝယ်လိုအားကောင်း၍ ဈေးကွက်ခိုင်မာမှုရှိပြီး တောင်သူများအတွက် အကျိုးအမြတ်ရရှိသော ပဲစင်းငုံသီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးကြကြောင်း သိရသည်။

## မကွေးမြို့နယ် ကမ်းရင်ကျေးရွာ၌ ခဝဲသီးစိုက်ပျိုးခြင်းဖြင့် တောင်သူများအကျိုးအမြတ်ရရှိ

မကွေး စက်တင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကမ်းရင်ကျေးရွာ၌ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည့် ခဝဲသီးနှံကို မြေအောက်ရေတင်စနစ်ဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးကြပြီး ခုနစ်ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ခဝဲသီးမျိုးအနေဖြင့် မျှားနီတံဆိပ်မျိုးစေ့ တစ်ထုပ်လျှင် ငွေကျပ် ၁၂၅၀၀ ဖြင့် ဝယ်ယူပြီး တစ်ဧကလျှင် မျိုးစေ့ ကိုးထုပ်ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးရာတွင် မျိုးစေ့ကိုအညှောင့်ဖောက်၍ နှစ်ပေအကျယ်ရှိ စိုက်ပေါင်တွင် အတန်းလိုက်စိုက်ပျိုးပြီး တစ်လခန့်အကြာတွင် စင်ထိုး၍ ခဝဲအညွန့်များကို စင်ပေါ်တင်ပေးရကြောင်း၊ ဇူလိုင်လတွင် စတင်စိုက်ပျိုးပြီး စက်တင်ဘာလဆန်းတွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကာ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ ဝါးနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ခဝဲသီးအတောင့်ရေ ၁၂၀၀၀-၁၅၀၀၀ ခန့် ထွက်ရှိပြီး ငွေကျပ် ၁၄ သိန်းခန့် အမြတ်ရရှိကြောင်း သိရသည်။

ဈေးနှုန်းဈေးကွက်အနေဖြင့် စက်တင်ဘာလ ဒုတိယပတ်အတွင်း ခဝဲသီးတစ်တောင့်လျှင် လက်ကားဈေး ငွေကျပ် ၂၀၀-၂၅၀ ဖြင့် မကွေးမြို့ပေါ်ရှိ လက်လီလက်ကား ကုန်စိမ်းအရောင်းဆိုင်ကြီးများနှင့် ဈေးအတွင်းရှိ လက်လီဈေးသည်များသို့ ရောင်းချကြောင်း၊ ယခုနှစ်တွင် ခဝဲသီးတောင့်များ ဈေးကောင်းရရှိသောကြောင့် တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များရရှိကြောင်း သိရသည်။

## ကျောက်ဆည်မြို့နယ်၌ ခရမ်းချဉ်သီးနှံစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

ကျောက်ဆည် စက်တင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ တောင်သူများသည် စပါး၊ နှမ်း၊ ပဲမျိုးစုံ၊ ပြောင်းနှင့် ငရုတ် စသည့်သီးနှံများကို အများဆုံးစိုက်ပျိုးကြပြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ မန်ကျည်းတောနှင့် မူးကြိုးကုန်းကျေးရွာများတွင် စားဖိုဆောင်သီးနှံဖြစ်သည့် ခရမ်းချဉ်သီးနှံကိုလည်း စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း၊ ခရမ်းချဉ်စိုက်ပျိုးရာတွင် မျိုးစေ့ကိုပျိုးပေါင်ဖြင့် ပျိုးထောင်ပြီး ပျိုးပင်တစ်လသားကျော်အရွယ်တွင် စတင်စိုက်ပျိုးရကြောင်း၊ ခရမ်းချဉ်သီးနှံကို မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးပြီး နှစ်လအကြာတွင် အသီးများ စတင်ဆွတ်ခူးနိုင်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ မြေပြုပြင်ခ၊ ရေတင်ခ၊ သွင်းအားစုနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၇၀၀၀၀၀-၈၅၀၀၀၀ ခန့် ကုန်ကျကြောင်း သိရသည်။

အထွက်နှုန်းအနေဖြင့် ခရမ်းချဉ်သီးနှံကို လေး၊ ငါးရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး စတင်ခူးဆွတ်ချိန်တွင် ပိဿာချိန် ၃၀-၅၀ ခန့် ထွက်ရှိ၍ တစ်ပတ်ထက်တစ်ပတ် အထွက်နှုန်းပိုမိုလာကြောင်း၊ ခရမ်းချဉ်သီးနှံကို စတင်ခူးဆွတ်ချိန်မှစ၍ သုံးလခန့်အကြာ ခူးဆွတ်နိုင်ပြီး တစ်ဧကလျှင် စုစုပေါင်း ပိဿာချိန် ၂၀၀၀-၂၅၀၀ ခန့် ထွက်ရှိရာ စိုက်ပျိုးမြေအနေအထား၊ သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းကွဲပြားမှုရှိကြောင်း၊ ဈေးနှုန်းဈေးကွက်အနေဖြင့် ခရမ်းချဉ်သီးလက်ကား ဈေးတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀-၁၂၀၀၊ လက်လီတစ်ပိဿာလျှင် ၁၂၀၀-၁၄၀၀ နှုန်းဖြင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ရောင်းချမှုများအပြင် ကျောက်ဆည်မြို့ရှိကုန်စိမ်းဒိုင်များသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေးမြို့ရှိ ကုန်စိမ်းဒိုင်များသို့ တင်ပို့ကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၂၀၀၀၀၀-၁၅၀၀၀၀၀ ခန့်ရရှိကြောင်း သိရသည်။

## ပန်းတော်ပြင်ကျေးရွာ၌ မိုးနှမ်းစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မကွေး စက်တင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာတွင် ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိပြီး နှမ်းသီးနှံများကို မိုးနှမ်းနှင့် ဆောင်းနှမ်းဟူ၍ နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် မိုးနှမ်းစိုက် ဧက ၈၅၀ စိုက်ပျိုးထားရှိကြောင်း၊ မေလတွင် စတင်စိုက်ပျိုးပြီး ဩဂုတ်လတွင် ရိတ်သိမ်းကြောင်း သိရသည်။ မျိုးအနေဖြင့် နှမ်းနီမျိုးစိုက်ပျိုးပြီး ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြကာ တစ်ဧကလျှင် နှမ်းမျိုး နှစ်ပြည်ခွဲခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် နှမ်းခင်းအတွင်း မြက်ပေါင်းရှင်းခအပေါ် မူတည်၍ တစ်ဧကလျှင် ငွေကျပ် ၃၅၀၀၀၀-၅၀၀၀၀၀ ကုန်ကျပြီး တစ်ဧကလျှင် ၁၂ တင်းခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် နှမ်းနီတစ်တင်းလျှင် ငွေကျပ် ၁၁၅၀၀၀ ဖြင့် ရောင်းချရပြီး အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ်ရှစ်သိန်းမှ ၁၀ သိန်းခန့်ထိရရှိကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ကြောင်း၊ ပြည်ပဈေးကွက်အနေဖြင့် ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နှင့် ကိုရီးယားနိုင်ငံတို့သို့ တင်ပို့ကြောင်း၊ ပြည်တွင်းစားသုံးမှုမြင့်မားပြီး ပြည်ပဝယ်လိုအားကောင်း၍ ဈေးကွက်ခိုင်မာမှုရှိသော နှမ်းသီးနှံများ ယခုနှစ်တွင် ဈေးနှုန်းမြင့်တက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိသောကြောင့် နှမ်းစိုက်တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

**သတင်းရင်းမြစ်- စီးပွား/ကူးသန်း**

### ၁၁-၉-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၁၀၀ | ၂၅၀၀၀ | - | ၁၉၀၀၀ | ၁၀၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၅၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၄၀၀ | ၂၀၀၀၀ | - | ၁၆၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၅၅၀၀ | ၁၀၅၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၇၀၀၀ | ၂၅၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၆၀၀ | ၁၈၀၀၀ | ၇၅၄၀ | ၁၈၀၀၀ | ၂၈၀၀ | ၁၃၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၄၅၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၂၅၀ | ၁၄၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၉၀၀၀ |
| ၅ | မော်လမြိုင် | ၃၄၀၀ | | ၅၄၀၀ | ၁၇၀၀၀ | ၇၂၂၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၁၀၀ | ၁၈၅၀၀ | ၇၄၃၀ | ၁၄၀၀၀ | ၃၂၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၆၅၀၀ | ၆၂၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ၇၆၅၀ | ၁၄၀၀၀ | ၃၂၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၁၇၀၀ | ၉၀၀၀ | ၈၀၀ | ၁၂၅၀၀ | ၈၂၀၀ | ၇၇၀၀ | ၆၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | |
| ၈ | ရန်ကုန် | ၃၅၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၂၁၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၅၀ | | ၅၀၀၀ | ၂၀၀၀၀ | ၇၃၅၀ | ၇၅၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၂၆၀၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၃၀၀၀ | | ၆၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၆၅၀ | ၃၃၀၀ | ၆၃၀၀ | ၁၅၀၀၀ | ၇၆၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၃၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၃၀၀ | | ၆၀၀၀ | ၁၈၀၀၀ | ၇၆၀၀ | ၁၁၀၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၈၆၀၀ | ၇၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၇၀၀၀ | ၁၄၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၈၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၇၀၀ | ၉၅၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၂၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၄ | မကွေး | ၃၃၅၀ | | ၅၇၀၀ | ၁၉၀၀၀ | ၇၄၅၀ | ၁၀၅၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၇၀၀၀ | ၇၆၀၀ | ၁၄၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | | ၈၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၄၀၀ | ၈၅၀၀ | ၂၃၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၅၁၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၄၀၀ | ၁၈၆၀၀ | ၇၄၆၅ | ၁၁၅၀၀ | ၂၄၀၀ | ၁၃၈၀၀ | ၁၈၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၃၆၀၀ | ၅၄၀၀ | ၁၃၈၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၄၀၀ | ၁၉၀၀၀ | ၇၄၆၅ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၄၀၀ | ၁၉၀၀၀ | ၈၅၀၀ | ၅၂၀၀ | ၅၀၀ | ၉၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၈၀၀ | ၅၄၀၀ | ၁၄၂၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၂၂၀၀ |
| ၁၉ | ကလေး | ၃၆၀၀ | ၃၂၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၁၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | | ၁၆၀၀၀ |

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ အခန်း(၁၁)၊ တိုက်–၂၆၈ နေ ဒေါ်ခင်စန္ဒာမြင့် [၆/ထဝန(နိုင်)၀၅၀၁၁၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်သည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်းနှင့် အရှေ့မြင်းပြိုင်ကွင်းလမ်းထောင့်၊ မာလာနွယ်လမ်း၊ တိုက်(၆)ရှိ ကျိုက္ကဆံအိမ်ရာ (၆)ခန်းတွဲ၊ (၆)ထပ်တိုက်၊ တတိယထပ်၊ အခန်းအမှတ်–၃၂၃ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် စွဲကပ်တည်ရှိသော ရေ၊ မီး ခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်မိတ်ဆွေ၏ခင်ပွန်းဖြစ်သော ဦးစိန်ဝင်း[၆/ထဝန(နိုင်)၀၅၀၁၁၇]၏ အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ဦးစိန်ဝင်း သေဆုံးသည့် နောက်ပိုင်းတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စန္ဒာမြင့်မှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ တိုက်ခန်းသည် ဦးစိန်ဝင်း၏ဇနီး ဒေါ်ခင်စန္ဒာမြင့်မှ ပိုင်ဆိုင်သော ပစ္စည်းဖြစ်၍ အဆိုပါတိုက်ခန်းနှင့် ပတ်သက်ပြီး ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စန္ဒာမြင့်မှ သိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လျှုဒါန်းခြင်းစသည့် ကိစ္စရပ်များ မပြုလုပ်ရန်နှင့် အကယ်၍ ကျွန်ုပ်၏မိတ်ဆွေမှ သိရှိခြင်းမရှိဘဲ တစ်စုံတစ်ရာပြုလုပ် ဆောင်ရွက်ခဲ့မှုများရှိခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အိမွန်သော် (LL.B , LL.M ) တရားလွှတ်တော်ရှေ့နေ (စဥ်–၁၅၃၇၀)**
**၂–လမ်း၊ ခနောင်တိုအနောက်ရပ်ကွက်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၇၁၅၁၀၊ ၀၉–၇၉၉၂၉၈၂၈၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ မြေကွက်အမှတ်(၁၉၅)၊ ရှုခင်းသာလမ်းမကြီးနှင့်အောင်မေတ္တာလမ်းထောင့်၊ အမှတ်(U9/195)၊ အကျယ်အဝန်း(၆၀ပေx၈၀ပေ)ရှိသော နှစ်(၆၀)ဂရန်မြေကွက်မှာ ဦးအိုက်ချွင်း[၁၃/တယန(နိုင်)၀၃၇၀၁၅]အမည်ဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ(မြေယာဌာန)တွင် မှတ်သားတည်ရှိပြီး ၎င်းထံမှ အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးရွှေနု[၁၂/ဒဂန(နိုင်)၀၂၀၀၅၀]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသောကြောင့် အထက်ပါရောင်းချမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ယနေ့**ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မှုမရှိပါက အထက်ပါမြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မိုးရွှေ LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၀၃/၁၁)**
**အမှတ်(၁၀၃)၊ (A/B)ပထမထပ်၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၄၄၅၇**

---

## “အများသိစေရန် ”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၇)၊ ခရမ်းပြာလမ်း၊ မြေကွက်အမှတ်(၁၁၅၄/ခ)၊ မြေအမျိုးအစား-ဂရန်မြေ၊ မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ဖြစ်သူ **ဒေါ်နီနီစန်း** [၁၂/ပဘတ(နိုင်)၀၁၈၉၁၈]ကွယ်လွန်သဖြင့် အမွေဆက်ခံခွင့်ရှိသူ ညီမအရင်းဖြစ်သည့် **ဒေါ်နီနီခိုင်** [၁၂/ပဘတ(နိုင်)၀၁၈၉၁၉]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ **ဦးမောင်နိုင်** [၁၄/လပတ(နိုင်)၁၁၇၉၅၇]မှ အရောင်းအဝယ် စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါ မြေကွက်နှင့်နေအိမ်အပါအဝင် နှစ်(၆၀)မြေငှားဂရန်မူရင်း၊ ဆက်စပ်စာချုပ်စာတမ်းမူရင်းများနှင့် အခြားစာရွက်စာတမ်းမူရင်းများကို လက်ရောက်လက်ခံလွှဲပြောင်းရယူ ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်နိုင် တစ်ဦးတည်းမှသာ ပိုင်ဆိုင်ပါကြောင်းနှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်နိုင် ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအာကာလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀ )
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၆၃

| | | |
|---|---|---|
| ဒေါ်သင်းအိအိဖြူ | နှင့် | ဒေါ်အုံးမြိုင် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ(၃၀)လမ်း၊ အမှတ် – ၉၇၅ (က) ရပ်နေ (ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင် **ဒေါ်အုံးမြိုင်**တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက **“မြေကွက်နှင့်နေအိမ် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆို ပေးစေလိုမှု”** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၆)ရက်၊ (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်)၊ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြု လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( ကေသွယ်နိုင် )**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃)၊ မြေကွက်အမှတ်(၆၈၆/ခ)၊ ပုလဲငွေရောင်(၃)လမ်း၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)၊ (၁၂၀၀)စတုရန်းပေရှိ **ဦးစောသောင်** (BDN-၀၄၁၅၃၉) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်ခိုရ်ရော်နံနီဆန်း** (AKB-၂၁၁၇၆၉)မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ **ဒေါ်ငွေလင်း** [၁၀/မဒန(နိုင်) ၀၁၄၄၈၁] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ငွေလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို(LL.B)** **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈) အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၀-၆၈၅-၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၄)၊ မြေကွက်အမှတ်(၆၀၂)၊ မင်းရဲကောင်းပုံလမ်း၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ **ဦးထွန်းဟန်** [၁၂/ကမရ(နိုင်) ၀၃၇၃၁၀]နှင့် **ဦးသိန်းလွင်** [၁၂/ကမရ(နိုင်) ၀၃၆၃၀၇] (VDN-၀၉၆၁၂၂)တို့ (၂)ဦး ပူးတွဲအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးအဘူလ်ဟာဆောင်** [၁၂/ဒဂတ (နိုင်) ၁၄၁၃၂၈]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို (LL.B)** **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈) အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၅၇၇)၊ ဇေယျာလမ်း၊ အကျယ်အဝန်း (၄၃ပေx ၆၀ပေ)၊ (၂၅၈၀)စတုရန်းပေ၊ ဧရိယာ (၀.၀၅၉)ဧကရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **ဦးအေးမောင်** (CG-၀၄၁၅၆၀) အမည်ပေါက်တည်ရှိပြီး အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်ကြူကြူ** [၁၂/ဗဟန(နိုင်) ၀၅၃၄၀၅]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို (LL.B)** **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈) အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ- ၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂၀

၁။ ဒေါ်အုန်းအုန်းမြွေး နှင့် ဒေါ်ရွှေရင်
၂။ ဒေါ်ချိုမာအေး

**(တရားလိုများ)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၂၇၁/ခ)နေ ဒေါ်ရွှေရင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုများက **“ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်းအဝယ် စာချုပ်အား မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု”** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်နေ့) မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၇)၊ မတူပီလမ်း၊ မြေကွက်အမှတ်(၁၈၃) (ဒေါ်သောင်းတင်) (ISN- ၁၀၉၁၄၂) ပါမစ်မူရင်းအမည်ပေါက်မှ (၂၀x၆၀)ပေရှိ မြေကွက်နှင့် အိမ်မှ တွယ်ကပ်တပ်ဆင်ထားသော မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အဆက်ဆက်စာချုပ်များနှင့် ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးတင်အုန်း+ဒေါ်အေးအေးမော်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလှဟန် [၁၂/ဗဟန(နိုင်) ၀၃၇၃၃၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်သက် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၈)**
**Ph: 09-440986146**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁-ထူပါရုံရပ်ကွက်၊ ထူပါရုံ(၁၇)လမ်း၊ အမှတ်(၇၆၇/ခ) အမည်ရှိ တစ်ခန်းတည်း ငါးထပ်ခွဲတိုက်၏ တတိယထပ် (မြေညီအပါ ၄-လွှာ) (၁၈ပေx ၅၄ပေ)ရှိ တိုက်ခန်းအား လက်ရှိပိုင်ဆိုင်သူ ဦးအောင်ခင်ကျော် [၁၂/သဃက(နိုင်) ၀၆၃၃၉၁]ထံမှ ကျွန်ုပ်မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်း၏ ပိုင်ဆိုင်မှု/အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးဝင်းမင်းထွန်း**
**[၁၂/ဒဂမ(နိုင်) ၀၁၄၄၃၇]**
**အမှတ်- ၃၀၇၊ ရှုခင်းသာအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၉၆၈၀၉၆၈၈၁**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ အမှုသည်များဖြစ်ကြသော ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးဖြိုးခန့်ဇော် [၆/ထဝန(နိုင်) ၁၂၆၄၉၇]နှင့် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်နှင်းရည်မိုး [၁၂/ဥကမ(နိုင်) ၂၂၁၅၄၁]တို့သည် ၂၃-၈-၂၀၂၄ ရက်နေ့တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်၍ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး ငွေကြေး၊ ပစ္စည်းနှင့် လူမှုရေးကိစ္စ အသီးသီးတို့တွင် လုံးဝပတ်သက်စပ်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဖြိုးခန့်ဇော်နှင့် ဒေါ်နှင်းရည်မိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲပွင့်ဖြူ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၅၈၆)**
**အမှတ်(၄၁/ခ)၊ ဓမ္မရာဇာ (၁)လမ်း၊ (၁၀)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-400874300**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်(၇) ရပ်ကွက်၊ မင်းတပ်လမ်း၊ အမှတ်(၈၇၃/က) ဒေါ်မြွေး အမည်ပေါက် ပါမစ်မြေ အကျယ်အဝန်း (၂၀x၆၀)မြေနှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်ခင်မြတ်နု [၁၂/ဗဟန (နိုင်) ၀၇၈၃၀၉]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွယ်နွယ်ဦး [၁၂/ဥကတ(နိုင်) ၀၃၈၂၄၆]က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တိုးတိုးဝင်း(L.L.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၁၁၃၇)**
**တိုက်(A)၊ အခန်း(၄၄)၊ ယမုံနာရိပ်မွန်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်- (၉၉၄)တွင် ဆောက်လုပ်ထားသည့် နှစ်ခန်းတွဲ (၈)ထပ်တိုက် (Penthouse အပါအဝင်) အဆောက်အဦ၏ ဆဋ္ဌမထပ်၊ (၇)လွှာ၊ အဆောက်အဦအား မျက်နှာမူလျှင် လက်ယာဘက်အခန်းဖြစ်သော (၁၉x၅၄)ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဒေါ်သိန်းမြွေးဦး [၉/မရတ(နိုင်) ၁၀၁၆၀၈]က အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် လက်ဝယ်ထားရှိ ပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံအဆိုပြုလျက် ရောင်းချရန် ကမ်းလှမ်းမှုအပေါ် ကျွန်ုပ်မိတ်ဆွေဖြစ်သူက ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့် နေ့ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ပြသ၍ ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲလင်းထွန်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ် - ၄၂၄၃၇)**
**ရုံး - အမှတ် (၅၄)၊ သြဘာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၆၁၁၈၈၀၅**

## ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်တင်ထားပြီးဖြစ်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဘောက်ထော်/ရန်ကင်းမြို့နယ်၊ (၁၅) ရပ်ကွက်၊ ပြည်သာယာအိမ်ရာ (၂)လမ်း၊ အမှတ် (၃၃)ရှိ LUCKY BAG & SWALLOW PLASTIC TRADING COMPANY LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ်- 147936435)သည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်- ၄/၃၀၀၉ (၂၈-၉-၁၉၉၃)နှင့် စာချုပ်အမှတ်- ၄/၃၂၄ (၂၅-၁-၂၀၀၀)ရက်နေ့တို့တွင် မှတ်ပုံတင်ထားရှိခဲ့ပြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ ကုန်အမှတ်တံဆိပ်အား မူပိုင်ခွင့်လျှောက်ထားခဲ့ရာ WIPO Application Number ရရှိထားပြီး ယခုအချိန်ထိ အသုံးပြုလျက်ရှိသော အမှတ်တံဆိပ်ဖြစ်ပါသည်-

**မှတ်ပုံတင်အမှတ်- ၄/၃၀၀၉/၉၃**
**WIPO Application No.- T/2024/003737**

**မှတ်ပုံတင်အမှတ်- ၄/၃၂၄/၂၀၀၀**
**WIPO Application No.- T/2024/003736**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ပလတ်စတစ်အိတ်အမျိုးမျိုး၊ ဒီဇိုင်းပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးနှင့် ပလတ်စတစ်လက်အိတ်များ၊ လုပ်ငန်းနှင့်ဆက်စပ်သည့် အိတ်များ၊ စာရွက်စာတမ်းများပေါ်တွင် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရိုက်နှိပ်၊ ကပ်နှိပ်၊ ဖိနှိပ်အသုံးပြု၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ၊ ဆင်တူယိုးမှား အတုပြုလုပ်သုံးစွဲခြင်းများ မပြုလုပ်ရန်နှင့် ကျူးလွန်ကြောင်းတွေ့မြင်ကြားသိရပါက မည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမင်းဆွေ (B.A, R.L)** **ဒေါ်နှင်းဝေအောင် (LL.B, D.B.L,D.M.L)**
**(စဉ်-၂၀၂၁)** **(စဉ်-၁၀၉၃၈)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၈၃၊ အခန်း-၁၄ (အေ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၉၆၃၇၈၊ ၀၉-၉၇၅၁၉၆၃၇၈**

ရွှေပြည်သာမြို့နယ်
မြေကွက်များ
အထူးဝယ်လိုသည်။
09-5139064

မိဘမေတ္တာ
ဒဂုံမြို့သစ်ဆိပ်ကမ်း၊ အင်းလျှိုင်၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 40 70 80 736

## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်မြို့ဗိုလ်တထောင်မြို့နယ်၊(၈)ရပ်ကွက်၊(၄၄)လမ်း၊တိုက်အမှတ်(၇၈/၈၀)၊ အခန်းအမှတ်(၂)၊အကျယ်အဝန်း(၁၂ ၁/၂'×၄၀')ခန့်ရှိ မြေညီထပ်(အလယ်ခန်း)တိုက်ခန်းရေမီးစုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဒေါ်ဖြူဖြူသန့်(၁၄/မမက(နိုင်)၁၁၄၃၁၃)နှင့်ဦးရဲလင်းသိင်္ဂါ(၁၂/မဂတ(နိုင်)၀၉၉၇၀၆)တို့ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေပေးချေပြီးဖြစ်ပါသည်၊ကန့်ကွက်လိုသူများရှိပါကခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်နေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်၊ ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်အေးမြင့်(စဉ် -၇၁၅၈)
LL.B, LL.M, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၇၈)၊မြေညီထပ်၊(၃၄)လမ်း၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း -၀၉ -၅၁၈၆၀၄၅၊

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်းနှင့် ဆင်မင်းလမ်းထောင့်၊ အမှတ် (၃၈၈-၃၉၈)ရှိ Golden Team Mansion အဆောက်အဦ၏ ၉-လွှာ(ဘီ-၂)၊ အကျယ်အဝန်း (၁၀၂၀)စတုရန်းပေရှိသော လူနေတိုက်ခန်းအား လက်ရှိထားပိုင်ဆိုင်သူ ဦးကျော်ဆန်း [၁၂/လသန(နိုင်) ၀၀၆၆၅၈]က အရှုပ်အရှင်းကင်းစွာဖြင့် လွတ်လပ်စွာပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစည်သူထိုက်[၁၄/ပသန(နိုင်) ၁၅၈၈၃၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေခိုင်(LL.B, D.B.L, D.I.L, D.I.P.L, D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၂၉)**
**တိုက် (CC-4)၊ အခန်း (၆၀၁)၊ ဗိုလ်မှူးဗထူးအိမ်ရာအပိုင်း-၂၊ ၄၈-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်။**
**ဖုန်း- ၀၉-၅၀၃၈၆၁၈၊ ၀၉-၇၈၉၄၈၇၃၂၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ ဘွတ်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်- ၅၂၄၊ ကွင်းအမည်- ရဲစုအရှေ့ကွင်း၊ ဦးပိုင်အမှတ်-(၄၄/၂)၊ ဦးသိန်းဝင်း အမည်ဖြင့် မှတ်သားတည်ရှိသည့် မြေဧရိယာအကျယ်အဝန်း (၅.၀၆) ဧကအနက်မှ အကျယ်အဝန်း ($\frac{၃၀}{၂၉}$x၆၀)ပေ၊ (၀.၀၃၉၉)ဧက ခန့်ရှိမြေကွက်နှင့် ယင်းနှင့်ဆက်စပ်အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးရဲမွန်အောင် [၁၂/လသယ(နိုင်) ၀၆၉၀၆၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို (၁၀-၉-၂၀၂၄)ရက်နေ့တွင် ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးဖြိုးအောင်မြင့် (LL.B, D.M.L, D.B.L, ) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၇၅၇/၂၀၁၆)**
**အမှတ် (၂၄/ခ)၊ အနော်မာ (၁၉)လမ်း (အနောက်)၊ (၂/မြောက်) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph : 09 - 450020302**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၁၊ မြေကွက်အမှတ်-၂၁၂၅(က)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ) ပါမစ်မူရင်းနှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်ထားထားဦး [၁၂/တမန (နိုင်) ၀၂၆၆၅၆]မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးစိုးမာ [၁၀/မလမ(နိုင်) ၁၂၉၄၀၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စိုးစိုးမာ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သူဇာအောင် ( LL.B, D.I.L,D.B.L, Dip in HR )**
**တရားလွှတ်တော်ရှေ့နေ (စဥ်- ၁၃၉၅၀)**
**အမှတ်- ၆၂၊ အခန်းအမှတ် (၉)၊ ပထမထပ်၊**
**ပန်းဆိုးတန်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ တိုးချဲ့ (၂)လမ်း၊ တိုက်အမှတ်(၁၆၃၁/က)၊ ပဥ္စမထပ်၊ အကျယ်အဝန်း (၁၈ ပေ x ၅၄ ပေ) ကျယ်ဝန်းသော တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ တိုက်ခန်းအား တရားဝင်အမွေဆက်ခံလက်ရှိထား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးအေးသွင် [၁၂/သကတ(နိုင်) ၁၃၀၉၉၁]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သစ်သစ်မော် [၁၂/လမတ(နိုင်) ၀၁၆၅၂၀]မှ ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာချက်ပါရှိသည့်နေ့/ရက်မှစ၍ (၁၄)ရက်ပြည့်မြောက်သည့်နေ့/ရက် နောက်ဆုံးထား၍ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်နွေးနွေးစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၅၃၂၂/၁၀-၁-၂၀၁၉)**
**ဖုန်း - ၀၉-၄၂၀၀၂၃၁၈၆**
**အမှတ် (၆၇၀)၊ ဥယျာဉ်လမ်း၊ ၇/အနောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။**

## ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၆/၁၄)ရပ်ကွက်၊ ရွှေလီလမ်း၊ အမှတ်- ၂၄ (က/ခ)နေ **ဒေါ်ဝင်းသိင်္ဂီစော [၁၂/အစန(နိုင်) ၀၁၄၈၇၇]**၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရုပ်သိမ်းကြောင်း အသိပေးကြေညာအပ်ပါသည် -

ကျွန်ုပ်မိတ်ဆွေ **ဒေါ်ဝင်းသိင်္ဂီစော [၁၂/အစန (နိုင်) ၀၁၄၈၇၇]**သည် အစ်မအရင်းဖြစ်သူ **ဒေါ်စောစန္ဒာကြည် [၁၂/အစန (နိုင်) ၁၀၅၉၀၃]**နှင့် ပတ်သက်၍ **(၂၁-၂-၂၀၂၄)**ရက်နေ့ထုတ် နေ့စဉ်ကြေးမုံသတင်းစာ၏ စာမျက်နှာ (၂၀)တွင် ဒေါ်သင်းသင်းမော်တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၆)၏ **"အများသိစေရန်ကြေညာခြင်း"**ခေါင်းစဉ်ဖြင့် ကြေညာခြင်းအား ဤကြေညာပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်ဝင်းသိင်္ဂီစော** | **ဒေါ်စုစုခိုင်** |
| **[၁၂/အစန (နိုင်) ၀၁၄၈၇၇]** | **အထက်တန်းရှေ့နေ (စဥ်-၅၃၉၁၈)** |
| | **ခြံအမှတ် (၃၈)၊ သစ္စာလမ်းသွယ်(၁)လမ်း၊** |
| | **ရေကြည်အိုင်၊ မင်္ဂလာဒုံမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။** |

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂ )
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၁၁ နှင့် ဆက်နွှယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှု အမှတ်- ၁၅၇

| | | |
|---|---|---|
| ၁။ဒေါ်ကျင်စီ<br>၂။ဦးဇော်ထွန်းဦး<br>(၁၊၂ တရားနိုင်များ၏အခွင့်ရကိုယ်စားလှယ် ဦးဇာနည်ထွန်း) | နှင့် | ၁။ ဒေါ်သင်ဇာမျိုး<br>၂။ ဒေါ်မျိုးမျိုးထိုက်<br>၃။ ဦးမင်းစိုး(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်သင်ဇာမျိုး) |
| **ဒီကရီအနိုင်ရသူများ** | | **တရားရှုံးများ** |

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့ဟောင်း (၄)လမ်း၊ အမှတ်(၃၁၃)နေ (၁)တရားရှုံး ဒေါ်သင်ဇာမျိုးနှင့် (၃)တရားရှုံး ဦးမင်းစိုး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်သင်ဇာမျိုး) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။**

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၁၁ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူများက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်၊ (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၁၃ ရက်) နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်သီတာစန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈၈)၊ ကွမ်းအပ်မင်းသားလမ်း၊ မြေကွက်အမှတ် (၁၂၅၂/ခ)၊ ဧရိယာအကျယ် (၂၀x၆၀)ပေရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် နှစ်(၆၀) ဂရန်တို့တွင် ဦးနေလင်းဦး[၁၂/လမတ(နိုင်) ၀၃၁၁၇၁]နှင့် ဦးပြည့်ဖြိုးဝေ [၁၂/လမတ(နိုင်)၀၃၄၄၁၂] အမည်ပေါက်မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတို့ကသာလျှင် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဂရန်အမည်ပေါက်များဖြစ်သော ဦးနေလင်းဦးနှင့် ဦးပြည့်ဖြိုးဝေတို့မှ ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ဖြူသန့် (LL.B) အထက်တန်းရှေ့နေ (စဥ်-၅၃၆၂၁)**
**ဖုန်း- ၀၉-၉၆၇၆၂၆၈၁၂**

### အများသိစေရန်ကြေညာချက်

တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၂၃)လမ်း၊ အမှတ်(၅၁၅)တွင် ၁ ခန်းတည်း(၆)ထပ်တိုက် (Pitch Roof) (လူနေရန်၊ အခန်းပေါင်း(၆)ခန်း) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်မှုဌာန၏ နှစ်(၆၀) မြေငှားဂရန်စာချုပ်နှင့် မြေနယ်နိမိတ်တိုင်းတာသတ်မှတ်သည့်မြေပုံ (D/Map) တင်ပြ၍ မြေအမည်ပေါက်များဖြစ်သော ဒေါ်တင်တင်ရီနှင့် ဦးတင်အောင်တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာ(GP)ရရှိသူ ဦးထွန်းအေးကျော်မှ BP1-11315ဖြင့် တင်ပြလျှောက်ထားလာရာတွင် မြေအမည်ပေါက်များ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများ တင်ပြနိုင်မှုမရှိခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၂၉၆၊ ဧရိယာ (၄၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်- ၂၉၆၊ သိင်္ဂီ(၂)လမ်းတောင်၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ကျင်ထိန် [၁၂/သကတ(နိုင်) ၀၁၀၀၄၉] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်- ဒေါ်ကျင်ထိန် [၁၂/သကတ(နိုင်)၀၁၀၀၄၉](မိခင်)နှင့် ဦးဟိန်(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်မြင့်မြင့်အေး [၉/မကန(နိုင်) ၀၁၈၇၂၅]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၁၅၃၉၈/၂၃ (၂-၈-၂၀၂၃)ဖြင့်ရသူ ဦးလှမင်းထွန်း [၁၂/လသယ(နိုင်)၀၇၀၅၇၉]နှင့် ဦးကျော်စွာထက် [၁၂/သကတ(နိုင်) ၁၂၅၆၂၇] တို့မှ ကွယ်လွန်သူမိဘနှစ်ပါးသည် အခြားသောဇနီး/ခင်ပွန်းများမရှိဘဲ တစ်ဦးတည်းသော တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာမှ မိမိတစ်ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပါကြောင်း၊ အခြားမွေးချင်းများ မရှိပါကြောင်း၊ ကိတ္တိမသားသမီးအဖြစ် မွေးစားခဲ့ခြင်းလည်းမရှိပါကြောင်း၊ အထက်ဖော်ပြထားသည့် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်းတို့လည်း မရှိပါကြောင်း၊ မိမိ၏လက်ဝယ်တွင်ရှိပြီး လက်ရှိနေထိုင်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပါကြောင်း၊ ကွယ်လွန်သူမိဘများနှင့် မိမိသည် ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြသည့်အားလျော်စွာ မိဘများ ကွယ်လွန်ပြီးနောက် အထက်ပါ မြေနှင့်အိမ်ကို မိမိကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်လာပြီး မိမိမှလွဲ၍ အခြားသောအမွေ ဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ မိမိသည် ကွယ်လွန်သူမိဘများ၏ သမီးအရင်းဖြစ်ပြီး အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူဖြစ်ပါကြောင်း ဒေါ်မြင့်မြင့်အေး ကိုယ်တိုင်ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူ၊ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်းမရှိသေးကြောင်းနှင့် လွှဲအပ်ထားသူသည် သက်ရှိထင်ရှားရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ဒေါ်ကျင်ထိန်(မိခင်)၏ သေဆုံးမှုလက်မှတ်၊ ဦးဟိန်(ဖခင်)၏ သေဆုံးမှုလက်မှတ် ပထမမိတ္တူမှန်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄)၊ မြေကွက်အမှတ် (၄၈၇)၊ အကျယ်အဝန်း (၄၁ပေx ၆၁ပေ)၊ ဧရိယာ (၀.၀၅၇)ဧက၊ (၂၅၀၁)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန် ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ လောပိတလမ်း၊ အမှတ်(၄၈၇)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးခင်မောင်ထူး (CF-၀၁၆၅၆၃) [၁၂/ဗတထ(နိုင်) ၀၂၀၄၃၈] ကိုင်ဆောင်သူမှ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အိမ်နှင့်မြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝါဝါစံ [ LL.B ]**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၁၅၀)**
**အမှတ် (၄၇၉)၊ ၇-လွှာ၊ အောက်ပုဇွန်တောင်လမ်း၊ (၅) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၀၁၅၂၅၅**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဦးလှမြင့်
## အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သီရိမြိုင်(၈)လမ်းနေ ဇနီး၊ ဒေါ်သန်းသန်းနွဲ့၏ ချစ်လှစွာသောကျေးဇူးရှင်ခင်ပွန်း၊ သားသမီးများဖြစ်ကြသော မခိုင်လင်းမြင့်၊ ကိုအောင်နိုင်သူ - မဖူးဖူးပြည့်ဖြိုးတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မြေးဖြစ်သူ မောင်ပြည်ငြိမ်းစေ၏ ချစ်လှစွာသော ကျေးဇူးရှင်အဘိုးသည် ၁၀-၉-၂၀၂၄ (အင်္ဂါနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရှိသော ရုပ်ကလာပ်ကို ၁၂-၉-၂၀၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၄အက်ဖ်ဂျီ၊ မြေကွက်အမှတ်- ၁၁၈၄၊ ၀.၀၃၄ ဧက၊ မြေကွက်တည်နေရာအမှတ်- ၁၁၈၄၊ လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ [ဦးတင်ဝင်း ၁၂/မဂတ(နိုင်)၀၈၉၀၁၅] အမည်ပေါက် အနှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးတင်ဝင်းသည် ၂၅-၈-၂၀၁၅ ရက်နေ့တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်ဝင်း [၁၂/တမန(နိုင်)၀၉၃၆၀၅]ထံမှ GP အမှတ်- ၂၆၄၄၄/၂၀၂၃ (၃၀-၁၁-၂၀၂၃)ရသူ ဦးမင်းကျော် [၄/ပလဝ(နိုင်) ၀၁၇၈၀၃]မှ ဦးတင်ဝင်း၏ တစ်ဦးတည်းသောကျန်ရစ်သူဇနီးဖြစ်ပြီး မိမိတစ်ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့် မိမိအပြင် မည်သူမျှ အမွေဆက်ခံပိုင်ဆိုင်သူမရှိပါကြောင်း ဒေါ်ခင်ဝင်း၏ ၂၀-၃-၂၀၂၄ ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နှစ်(၆၀)ဂရန်၊ GP, ပါဝါပေးသူ၊ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်မရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၅၊ မြေကွက်အမှတ်-၉၂၅/ခ၊ ဇီဇဝါ (၁)လမ်း၊ ( အလျား ၂၀ပေx အနံ ၆၀ပေ)၊ ဧရိယာ (၀.၀၂၇)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးစိန်ထွန်း (TBN- ၀၃၃၄၈၈) အမည်ဖြင့် အမည်ပေါက်မှတ်သားထားပြီး၊ ယခုအပိုင်ရောင်းချသူ ဦးမြင့်ဆွေ [၃/ဘအန (နိုင်)၁၅၇၆၉၃]မှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး၊ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးမျိုးသန့်(ခ)ဦးမောင်ကြီး LL.B** | **ဒေါ်တင်မိုးခိုင် LL.B** | **ဒေါ်ခင်စန္ဒာထွန်း** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၀၅၇၇)** | **အထက်တန်းရှေ့နေ(စဥ်-၄၂၁၆၉)** | **အထက်တန်းရှေ့နေ(စဥ်-၅၁၃၆၀)** |

**အမှတ် (၁၂၁၂/ခ)၊ တိုးချဲ့ (၂) လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း- ၀၉-၇၉၇၁၆၃၈၆၅၊ ၀၉-၇၉၅၃၈၆၄၄၇**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဓနတ်စံပြကျေးရွာ၊ (က)ရပ်ကွက်၊ သီတာလမ်း၊ အမှတ်(က/၇၆)၊ ဧရိယာ(အလျား ၈၀ ပေ x အနံ ၆၀ ပေ)ရှိ ဒေါ်တင်လွမ်း(၁၂/ကတတ(နိုင်)၀၂၇၄၁၇)အမည်ပေါက်မြေကွက်အပါအဝင်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးကျော်လင်းထက်(၁၂/ဒဂတ(နိုင်)၀၁၄၁၉၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နိုင်သဇင်ထွန်း(၁၄/မအပ(နိုင်)၂၅၉၇၂၂)ကအပြီးအပိုင်ဝယ်ယူရန်စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စန်းစန်းမော် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၆၄၈၇/၉၇)
အမှတ်-၅၀၊ ပ-ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၃၈၈၄

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉/က)ရပ်ကွက်၊ ခရေလမ်း၊ မြေကွက်အမှတ် (၁၈၀/က)ဟုခေါ်တွင်သော မြေအလျား×အနံ (၂၀×၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း(ဂရန်မိတ္တူခြမ်း) (၁၀×၆၀)ပေရှိ မြေကွက်နှင့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **စောဂျိုးဇက်ဘီထူး** (၁၂/ဒဂတ(နိုင်)၀၂၉၂၁၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်လှလှမြင့်** (၁၂/မဂတ(နိုင်)၀၀၇၉၅၈)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျ ခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝါဝါခိုင် LL.B, D.B.L, D.I.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၆၅)
အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၀၇၇၁၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ ကာကွယ်ရေးနှင့်ပတ်သက်၍ စွမ်းရည်ရှိသည့် ကာကွယ်ရေး၊ စွမ်းအားရှိသည့် ကာကွယ်ရေးဟု နှစ်ခုရှိ...**

**❖ စွမ်းရည်ရှိရန်အတွက် တစ်ဦးချင်း၏ လေ့ကျင့်မှုများကို အမြဲမပြတ်ဆောင်ရွက်ပေးရန်လို...**

**❖ စွမ်းအားရှိရန်အတွက် အသုံးပြုလျက်ရှိသည့် လက်နက်များ၊ ယန္တရားများ၊ စက်ကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများအားလုံး စွမ်းအားရှိသည့် ပစ္စည်းများဖြစ်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းနှင့် သာစည်-ရွှေညောင် ရထားလမ်းပိုင်းတို့တွင် ရေကြီးရေကျော်နေသဖြင့် ရထားခရီးစဉ်များ ယာယီရပ်နား

**နေပြည်တော် စက်တင်ဘာ ၁၁**

ယခုနှစ်မိုးရာသီအတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ တပ်ကုန်း-မကျည်းပင်၊ မကျည်းပင်-ညောင်လွန့်၊ ရမည်းသင်း-အင်ကြင်းကန်၊ ပျော်ဘွယ်-ရှမ်းရွာ၊ သပြေတောင်း-သဲတောဘူတာအကြားနှင့် သာစည်-ရွှေညောင်-တောင်ကြီးလမ်းပိုင်းရှိ သာစည်-လှိုင်းတက်၊ လှိုင်းတက်-ဘုရားငါးဆူ၊ ဘုရားငါးဆူ-ယင်းမာပင်၊ မြင်းဒိုက်-ကလော၊ ကလော-အောင်ပန်း၊ ထီသိမ်-ပေါမူဘူတာအကြား လမ်းပိုင်းများနှင့် အောင်ပန်းဘူတာ ယာဒ်ဝင်းတို့တွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်၍ တံတားများ ရေတိုက်စားပြီး ရထားလမ်း ရေကျော်မှုများကြောင့် ရန်ကုန်- မန္တလေးနှင့် သာစည် - ရွှေညောင် ရထားခရီးစဉ်များကို စက်တင်ဘာ ၁၁ ရက်မှစတင်၍ ယာယီရပ်နားထားကြောင်း သိရသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ○**



သာစည်-ရွှေညောင်လမ်းပိုင်း လှိုင်းတက်နှင့်ဘုရားငါးဆူကြား တံတားရေတိုက်စားမှုကို တွေ့ရစဉ်။

**ယနေ့ ဖတ်စရာ**

**လာအိုနိုင်ငံမြောက်ပိုင်းဒေသများ၌ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ အပျက်အစီးနှင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်**
စာမျက်နှာ » ၁၃

**လောင်းလုံမြို့နယ်ရှိ ကျေးရွာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ်များမီးရှို့ဖျက်ဆီးကာ အဖိုးတန်ပစ္စည်းများ ယူဆောင်သွားကြောင်း လုပ်ကြံရေးသားဝါဒဖြန့်ဝေနေ**
စာမျက်နှာ » ၁၄

**ကောင်းမွန်သောဂေဟစနစ်ကို လက်ဆင့်ကမ်းနိုင်ရေး ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းကာကွယ်ပေး**
ဆောင်းပါး စာမျက်နှာ » ၁၆



ရာမညယူနိုက်တက်အသင်းနှင့် ရောဝတီရိန်းဂျားအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# MNL-2 (ပထမတန်း) ပြိုင်ပွဲတွင် ရာမညယူနိုက်တက်အသင်း ရာသီဝက်ချန်ပီယံဖြစ်

**ရန်ကုန် စက်တင်ဘာ ၁၁**

၂၀၂၄ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၇) နောက်ဆုံးနေ့ကို စက်တင်ဘာ ၁၁ ရက်က ဆက်လက်ကျင်းပရာ ရာမညယူနိုက်တက်အသင်း နိုင်ပွဲရယူပြီး ရာသီဝက်ချန်ပီယံဖြစ်ခဲ့သည်။

**ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ**

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် ရာမညယူနိုက်တက်အသင်းက ရောဝတီရိန်းဂျားအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုရာသီမှ MNL-2 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် ရာမညယူနိုက်တက်အသင်းသည် ပထမအကျော့ပြီးခါနီးတွင် နိုင်ပွဲဆက်တိုက်ရယူကာ ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ရာမညယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၃၇ မိနစ်တွင် ညီညီအောင်၊ ၄၇ မိနစ်တွင် ဘုန်းခန့်အောင်၊ ၅၂ မိနစ်တွင် ဝင်းထိုက်၊ ၇၃ မိနစ်တွင် ချမ်းဦး၊ ၇၈ မိနစ်တွင် ဖူးခန့်ကျော်တို့က သွင်းယူပြီး ရောဝတီရိန်းဂျားအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၆ မိနစ်တွင် ထိုက်သူဟန်က သွင်းယူသည်။ စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် ကချင်ယူနိုက်တက်အသင်းက ငွေကြယ်ပွင့်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ကချင်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**